# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၈၅)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၁၉-၉-၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## ကျောက်ဆည်မြို့နယ်၌ မိုးစပါး စုစုပေါင်း ၃၆၅၉၈ ဧက စိုက်ပျိုးပြီးဖြစ်

ကျောက်ဆည် စက်တင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဆန်စပါးကို အဓိကထားစိုက်ပျိုးပြီး ၂၀၂၆-၂၀၂၇ ခုနှစ်၌ မိုးစပါး ပျိုးထောင်စိုက် ၁၃၆၃၆ ဧက၊ မျိုးစေ့တိုက်ရိုက် ၂၂၉၆၂ ဧက၊ စုစုပေါင်း ၃၆၅၉၈ ဧက စိုက်ပျိုးပြီးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မိုးစပါးများ ပျိုးထောင်စိုက်ပျိုးရာ၌ စမာစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ဧက ၂၀၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၉၀၁ ဧက၊ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၃၁၆ ဧက၊ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၁၆၇၄ ဧက၊ ထုံးကြီးစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၃၇၅၃ ဧက၊ သင်းဒီး စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၉၇၂ ဧက စုစုပေါင်း ၁၃၆၃၆ ဧကနှင့် မျိုးစေ့တိုက်ရိုက်စိုက်ပျိုးခြင်းများကို စမာစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၆၅၄ ဧက၊ တမုတ်စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၄၃၉၄ ဧက၊ မင်းရဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၀၅၇ ဧက၊ သင်းတွဲစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၇၀၅၆ ဧက၊ ထုံးကြီးစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၃၈၄၆ ဧက၊ သင်းဒီးစိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းစခန်းအတွင်းရှိ ကျေးရွာအုပ်စုများ၌ ၂၉၅၅ ဧက၊ စုစုပေါင်း ၂၂၉၆၂ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ်၌ မိုးစပါး ၅၂၈၁၇ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ လျာထားစိုက်ဧကများ ပြည့်မီကျော်လွန်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများနှင့် တောင်သူများ ပူးပေါင်း၍ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် မိုးစပါးများ အထွက်နှုန်းကောင်းမွန်ရေး ဒေသနှင့် ကိုက်ညီသည့် မနောသုခ၊ ရွှေမနော်၊ အောင်နိုင်တိုး၊ ဆင်းသုခ၊ ဧရာမင်း၊ GW-11၊ ပေါ်ဆန်းဘေးကြား၊ နယူးဧရာ စသည့် မိုးစပါးမျိုးများ အဓိကထား စိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သက်မောင်(ကျောက်ဆည်)






ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများအား အချက်အလက်ကောက်ယူမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

## ဖလမ်းမြို့သို့ ဒေသခံပြည်သူများ နေ့စဉ် ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်

ဖလမ်း စက်တင်ဘာ ၁၈

ဖလမ်းမြို့ကို တပ်မတော်က ထိန်းချုပ်ပြီး ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများသည် မေ ၆ ရက်မှစတင်ကာ နေရပ်သို့ နေ့စဉ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့်အပြင် ဌာနဆိုင်ရာရုံးများသည် ပုံမှန်လည်ပတ်လျက်ရှိကာ ဖလမ်းမြို့ပေါ် လူဦးရေ၏ ၂၁ ဒသမ ၆၄ ရာခိုင်နှုန်း ပြန်လည်နေထိုင်နေပြီဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၃ သို့ ◯



ယနေ့ ဖတ် စရာ အညွှန်း

ဘိုလီးဗီးယားတိမ်ပုံးသစ်တောများထဲမှ တောကြောင်ငယ်တစ်မျိုးကို ယခင်က လူတို့မသိရှိသေးသော မျိုးစိတ်သစ်တစ်ခုအဖြစ် ဖော်ထုတ် စာမျက်နှာ ၈

မက်ဆီ အင်တာမိုင်ယာမီအသင်းကစားသမားဘဝ ပြိုင်ပွဲစုံသွင်းဂိုး ၁၀၀ ပြည့်မြောက် စာမျက်နှာ ၁၁

အိုင်ဗုန်းလွှာကို ကာကွယ်ဖို့ လူတိုင်းပါဝင်စို့ (ဆောင်းပါး) စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ စနေနေ့။
မန္တလေး

# ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက် မြှင့်တင်ပူးပေါင်း ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံ ၄ နိုင်ငံ အပါအဝင် နိုင်ငံပေါင်း (၈)နိုင်ငံသို့ ခရီးစဉ်များသွားရောက်ခဲ့ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတကြီး၏ ၂၀၂၆ ခုနှစ်၊ ဇွန်လအတွင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်နှင့်လည်း မြန်မာ-တရုတ် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်သည် နှစ်နိုင်ငံအကြား တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ဆွေးနွေးညှိနှိုင်းမှုနှင့် အပြန်အလှန်အကျိုးရှိမှုတို့အပေါ်အခြေခံပြီး ပူးပေါင်း ဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်သွားရန် သဘောတူခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညိုစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နန်နင်းမြို့၊ နန်နင်း အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာ၌ကျင်းပသည့် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် China-ASEAN EXPO သည် တရုတ်နိုင်ငံနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးသည့် ပြပွဲတစ်ခု အဖြစ်သာမက ယုံကြည်မှုတည်ဆောက်ရေး၊ စီးပွားရေးအခွင့် အလမ်းများရှာဖွေရေး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေး နှင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးတို့အတွက် အရေးပါသည့် စင်္ကြံတစ်ခုလည်းဖြစ်ကြောင်း။ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ASEAN-China Free Trade Area - ACFTA 3.0 တွင် ကဏ္ဍသစ်များဖြစ်သည့် ဒီဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေးကဏ္ဍများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးအခွင့်အလမ်းများကို ပိုမိုဖွင့်လှစ်ပေးနိုင်သည့်အပြင် လွတ်လပ်မျှတပြီး စည်းမျဉ်း အခြေခံသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ကုန်သွယ်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၊ စွမ်းအင်၊ လျှပ်စစ်၊ ဒီဂျစ်တယ်စီးပွားရေး၊ ဉာဏ်ရည်တုနည်းပညာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများနှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက်လည်း သဘောတူခဲ့ကြောင်း ပြောကြားခဲ့သည်။

(၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပြခန်းပေါင်း ၈၁ ခန်းဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ လက်မှုအနုပညာပစ္စည်းများနှင့် ကျောက်မျက်ရတနာများကို ခင်းကျင်းပြသလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြခန်းစုစုပေါင်း ၁၀၀၀ ကျော်ခန့်ဖွင့်လှစ်ကာ နိုင်ငံအလိုက်ထွက်ကုန်များကို ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ခိုင်မာစေပြီး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အာဆီယံ၏ အချက်အချာကျမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးရှိမှုတို့အပေါ် အခြေခံ၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးပပထွန်း ကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# စားသုံးသူကာကွယ်ရေးအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူးရုံးမှ ကြီးမှူး၍ ကျောင်းသား၊ ကျောင်းသူများ စားသုံးသူကာကွယ်ရေး အသိ ပညာဗဟုသုတများရရှိစေရန်နှင့် ကျောင်းမုန့်ဈေးတန်းများတွင် စားသုံးရန်မသင့်စားသောက်ကုန်များရောင်းချမှုမရှိစေရန် ရည်ရွယ်၍ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်ရှိ အမှတ် (၁၉) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် အမှတ် (၁၉) အခြေခံပညာအလယ်တန်းကျောင်းအုပ်ကြီး က အဖွင့်အမှာ စကားပြောကြားပြီး ချမ်းမြသာစည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးအခွင့်အရေး ရှစ်ချက်အကြောင်း၊ စားသုံးသူများ၏ တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များနှင့် စားသုံးသူကာကွယ်ရေးအနေဖြင့် တိုင်ကြားနိုင်မည့် နည်းလမ်းခုနစ်ချက်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းအတွင်းမုန့်ဈေးတန်းများကို ကြည့်ရှုစစ်ဆေးကာ ရောင်းချရန် မသင့်မုန့်များ မရောင်းချရန် အသိပညာပေးပြောကြားသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ အခမ်းအနားသို့ အ.လ.က (၁၉) ကျောင်းအုပ်ကြီး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀ ကျော်တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၆၉)

# စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများထုတ်ပြန်

**မန္တလေး စက်တင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့မှ စက်တင်ဘာ ၂၄ ရက်နေ့အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ၇၁၇၉ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်လီ၊ လက်ကားရောင်းချမည့် ဈေးနှုန်းများအားလည်း ရန်ကုန်အထိုင်ဈေးအပေါ်မူတည်ပြီး ကော်မတီမှ သတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ် အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့မှ စက်တင်ဘာ ၂၄ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့ ၈၅၀၀ကျပ်၊ မိတ္ထီလာမြို့ ၈၃၂၀ ကျပ်၊ ရမည်းသင်းမြို့၈၂၉၀ ကျပ်၊ ကျောက်ဆည်မြို့ ၈၄၅၀ ကျပ်၊ ပြင်ဦးလွင်မြို့ ၈၅၄၅ ကျပ်၊ မြင်းခြံမြို့ ၈၅၇၅ ကျပ်၊ ညောင်ဦးမြို့အတွက် ၈၄၈၀ကျပ် ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# ဝမ်းတွင်းမြို့နယ်၌ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးသင်တန်းဖွင့်လှစ်

**ဝမ်းတွင်း စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝမ်းတွင်းမြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ရွှေတောင်၌ ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး သင်တန်းကို စက်တင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေဝင်းနှင့် ဝါလျှော်သီးနှံဌာနခွဲညွှန်ကြားရေးမှူး ဒေါ်အေးမီမီစိုးတို့သည် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ရွှေတောင်တွင်ပြုလုပ်သည့် ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး သင်တန်းသို့ ကြွရောက်ချီးမြှင့်ပြီး အမြဲတမ်းအတွင်းဝန်မှ သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ဝါသီးနှံစိုက်ခင်းသို့ ကွင်းဆင်းသွားရောက်ကာ သင်တန်းသားများအား စိုက်ပျိုးနည်းစနစ်များ၊ မျိုးရွေးချယ်မှု၊ ပိုးသတ်ဆေးသုံးစွဲမှုတို့ကို ရှင်းလင်းပြောကြား၍ လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ပဲခူး တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝါစိုက်ပျိုးသော မြို့နယ်များရှိ ဝန်ထမ်း ၃၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို စက်တင်ဘာ ၁၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ၁၂ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောင်ပိုင်ဟိန်း)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ



**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။



တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က NSPNC နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမည့် အခြေအနေများ၊ ဆွေးနွေးညှိနှိုင်းမည့် အကြောင်းအရာကိစ္စများ၊ ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့အတူ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ရွေးချယ်မည့်ကိစ္စ၊ မဲပေးရွေးချယ်မည့်အစီအစဉ်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများ အစုအဖွဲ့ ၃၂ ပါတီမှ ကိုယ်စားလှယ်များက မဲပေးရွေးချယ်မည့် အစီအစဉ်နှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ရွေးချယ်ရေးသဘာပတိအဖွဲ့အား ဖွဲ့စည်းပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ၁၆ ဦးအတွက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ်များက မဲပေးရွေးချယ်ကြကာ နိုင်ငံရေးပါတီများ အစုအဖွဲ့၏အလုပ်အဖွဲ့ ရွေးချယ်ရေးသဘာပတိအဖွဲ့က နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အမြဲတမ်းအလုပ်အဖွဲ့ ကိုယ်စားလှယ် ၁၆ ဦးနှင့် အလှည့်ကျကိုယ်စားလှယ် ၁၆ ဦး ရွေးချယ်ထားမှုကို အတည်ပြုပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာသူများက နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့နှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်မည့်နည်းလမ်းများ၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအား ယခင်ပုံစံအတိုင်း ပြန်လည်ရောက်ရှိနိုင်ရေး၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၊ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် မပါဝင်လာသေးသည့် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုမြင့်တင်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ Bilateral တွေ့ဆုံဆွေးနွေးပြီး Ceasefire အား ဖော်ဆောင်နိုင်ရေးကိစ္စတို့ကို အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ Ceasefire နှင့် Political Dialogue တို့၏ ဆက်သွယ်မှု၊ ဒေသခံပြည်သူများ၏လုံခြုံရေးနှင့် လူမှုစီးပွားလိုအပ်ချက်များ၊ ငြိမ်းချမ်းရေးအခန်းကဏ္ဍတွင် အမျိုးသမီးများ၏ ပါဝင်နိုင်မှု၊ ယခင်ငြိမ်းချမ်းရေးယန္တရားမှ အတွေ့အကြုံရှိသူများအား ပြန်လည်အသုံးချနိုင်ရေး၊ နိုင်ငံတကာနှင့် သံတမန်ရေးရာ ဆက်ဆံမှုဆိုင်ရာများ၊ လက်ရှိပဋိပက္ခအတွင်းပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များနှင့်ဆက်သွယ်နိုင်မည့် နည်းလမ်းများကို ပြန်လည်သုံးသပ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာအောင်မြတ်ဦးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

○ ရှေ့ဖုံးမှ

ယမန်နေ့ကလည်း ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိလာသည့် ဒေသခံပြည်သူများကို ဒုတိယဝန်ကြီးနှင့်အဖွဲ့က ကျင်မှာလ်ရပ်ကွက် လွှတ်လပ်ရေးစေတီ၌ ကြိုဆိုကြသည်။

ဆက်လက်၍ သက်ဆိုင်ရာဌာနဆိုင်ရာများက နေရပ်ပြန်လာသူ ဒေသခံပြည်သူ ၁၁၁ ဦးအား အချက်အလက်ကောက်ယူမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယနေ့တွင် ဖလမ်းမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှုလွှယ်ခန်းမ၌ အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ဖလမ်းမြို့ပေါ် ကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၅၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ကျောင်းသား ကျောင်းသူများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

### ဆောင်ရွက်လျက်ရှိ

ပြိုင်ပွဲအပြီးတွင် မြို့ပြနှင့်အိုးအိမ်ဦးစီးဌာန လေးခန်းတွဲ နှစ်ထပ်အိမ်ရာနှစ်လုံး ပြုပြင်နေမှု၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဖလမ်းမြို့တွင် အခြေခံအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများ၊ နေရပ်ပြန်ပြည်သူများအား ကူညီထောက်ပံ့ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

## ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် ကျန်းမာရေးဟောပြောမည်

**မန္တလေး စက်တင်ဘာ ၁၈**

၂၀၂၆ ခုနှစ်စက်တင်ဘာ ၂၉ ရက်တွင် ကျရောက်မည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ကျန်းမာရေးပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၉ရက်မွန်းလွဲ ၁ နာရီတွင် မဟာအောင်မြေမြို့နယ်ရှိ မင်္ဂလာဆေးရုံ၊ ကိုးထပ်ရှိ Comference Hall တွင် ကျင်းပမည်။

ဟောပြောပွဲတွင်မန္တလေး အထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးရောဂါခွဲစိတ်ကုဌာနပါမောက္ခ၊ ဌာနမှူးဒေါက်တာကျော်စိုးဝင်းက "Dont'Miss Abet" နှလုံးခုန်မရပ်ဖို့ ဂရုစိုက်စို့ ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာကျန်းမာရေးစိတ်ဝင်စားသူများဖုန်း-၀၉၇၇၄ ၈၃၅၇၇၆ သို့ဆက်သွယ်တက်ရောက်နိုင်ကြောင်းသိရသည်။

(မောင်ပြည်သူ)

၀-၀-၀-၀-၀-

---


**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ပါဝင်တက်ရောက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှုနှင့် လုံခြုံမှုရှိသော ဉာဏ်ရည်တုနည်းပညာ ဖြစ်ပေါ်လာရေး၊ မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုများ၊ တရုတ်-အာဆီယံနိုင်ငံများအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့သည်။




အဆိုပါဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မျိုးဆက်သစ်လူငယ်များ လေ့ကျင့်ပြုစုပျိုးထောင်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစိုးရ ဒုတိယအကြီးအကဲက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ China-ASEAN Information Harbor Co., Ltd. (CAIH)ကို သွားရောက်လေ့လာခဲ့ပြီး ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေးကဏ္ဍများကို အထောက်အကူပြုနိုင်မည့် ဉာဏ်ရည်တုနည်းပညာအခြေပြု Application များရေးဆွဲနိုင်ရေး၊ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ နည်းပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိ

နေပြည်တော် စက်တင်ဘာ ၁၈

တတိယအကြိမ် ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ဆွေးနွေးမှာကြား

အစည်းအဝေးတွင် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လွှတ်တော်ကိုယ်စားလှယ်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်များ လိုအပ်ပါက ဆေးကုသမှုခံယူနိုင်ရေး၊ အစားအသောက်များ ကျန်းမာရေးနှင့် ညီညွတ်စေရေး၊ ကူးစက်ရောဂါများကာကွယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို လွှတ်တော်အဆောက်အအုံနှင့် တည်းခိုနေထိုင်ရာနေရာ



များတွင် လွှတ်တော်မကျင်းပမီမှစတင်၍ ကျင်းပစဉ် တစ်လျှောက် လုပ်ငန်းအဖွဲ့အလိုက် စနစ်တကျ ပုံမှန်ဆောင်ရွက်နိုင်ရန်၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို လိုအပ်သည့်အချိန်တွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအား ကျန်းမာရေးစစ်ဆေးခြင်း (Medical Check-up)နှင့် လိုအပ်သောကာကွယ်ဆေးထိုးနှံခြင်းတို့ကို ဆောင်ရွက်ပေးရန်၊ လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက် လုပ်ငန်းအဖွဲ့အလိုက် Checklist များဖြင့် ဆောင်ရွက်ရန်၊ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီတင်ပြကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို တင်ပြပြီး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် ကျန်းမာရေးနှင့် အစားအသောက်စစ်ဆေးရေးကော်မတီအဖွဲ့ဝင် ဌာနများအလိုက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ ပူးပေါင်း၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံးအမှတ်(၁၇)ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှု ရှိရန်၊ တာဝန်ယူ၊ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာမှုရှိပြီး ကျောသားရင်သားမခွဲခြားဘဲ မျှတစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန်ပါက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အရေးယူခံရမည့်အပြင် လူမှုအသိုက်အဝန်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်မှာ ပူးပေါင်းပါဝင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့အတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစိုးသိန်းက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူများအကြားက ပေါင်းကူးတံတားများ ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အဂတိတရားများကင်းပြီး စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ကြမှသာလျှင် ပြည်သူများ၏ ယုံကြည်မှုကို ရရှိမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဆန်းတင့်က အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးလွန်းဘော်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပ

**ကျိုင်းလပ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Cen-tre) ခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျိုင်းလပ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကဗျာရွတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာမူလတန်းကျောင်း(ဝမ်လုံ)မှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကျိုင်းလပ်မြို့ရုံးအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်ရည်ရွယ်၍ အဆိုပါပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။



## မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၃၈)

## ဟိုပုံးမြို့နယ် ဒုံမေးခိုး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပ

**ဟိုပုံး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ နိုင်ငံ့သားကောင်း ရတနာများဖြစ်သည့် လူငယ်လူရွယ်များအား ဗလငါးတန်ပြည့်စုံစေပြီး၊ စကားပြောအတတ်ပညာများ၊ စဉ်းစားတွေးခေါ်မှုများနှင့် ဉာဏ်ရည်ထက်မြက်မှုများ ရရှိစေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက ဒုံမေးခိုး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာချစ်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခမ်းခြူးက အစီအစဉ် တင်ဆက်သူအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး လူငယ်စကားဝိုင်းတွင် ဒုံမေးခိုး အခြေခံပညာအထက်တန်းကျောင်း(ခွဲ)Grade-9 မှ နန်းမီးမီးက လူငယ်နှင့် မူးယစ်ဆေးဝါး၊ Grade-8 မှ ခွန်စေရာဟိန်းက လူငယ်နှင့်ပညာ၊ Grade-8 မှ ခွန်မောင်ကြွားက လူငယ်နှင့် စာရိတ္တ၊ Grade-6 မှ မဆောင်းရတီဖြိုးက လူငယ်နှင့် စိတ်ဓာတ်မြှင့်တင်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း မိမိတို့ ဖတ်မှတ်ထားသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။




ထို့နောက် အသိပညာပေးဟောပြောပွဲ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းစန်းက အသိပညာပေးဟောပြောခဲ့ပြီး မူလတန်းကျောင်းသူတစ်ဦးမှ ပတ္တလားတီး၍ ဖျော်ဖြေခဲ့ကြောင်း သိရသည်။

(ဝဝံ)

(၃၆၈)

ဝ-ဝ-ဝ-ဝ-ဝ



## မြို့နယ်အဆင့် အရန်သားဖွားဆရာမ သင်တန်းဖွင့်လှစ်

**မြို့သစ် စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ သေဆုံးမှုလျော့ကျစေရန်၊ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး အသိပညာမြှင့်တင်ပေးရန် ရည်ရွယ်၍ မြို့နယ်အဆင့် အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်လင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟနေသွေးက အရန်သားဖွားဆရာမပေါ်ပေါက်လာပုံနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်က အရန်သားဖွားဆရာမများအား သင်ကြားပေးမည့်နည်းစနစ်များနှင့် သင်တန်းပြီးမြောက်ပါက ဆက်လက်လေ့လာဆည်းပူးရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာများမှ အခြေခံပညာ အထက်တန်းအဆင့်သင်ယူပြီးမြောက်သည့် သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးမှူးများက သင်တန်းနည်းပြအဖြစ် ဆောင်ရွက်ကာ သင်တန်းကို စာတွေ့ သုံးလ၊ လက်တွေ့သုံးလဖြင့် စုစုပေါင်းသင်တန်းကာလ ခြောက်လကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဝင်းအိစွန်(ပြန်/ဆက်)**

## မိုင်းကိုင်မြို့နယ်၊ ပန်ဆက်ကျေးရွာအုပ်စု၊ ပန်ဆက်+ကုံးလုံးကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် စက်တင်ဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ပန်ဆက်ကျေးရွာအုပ်စု၊ ပန်ဆက်+ကုံးလုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့နှင့်အတူ ပန်ဆက်+ကုံးလုံးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပန်ဆက်+ကုံးလုံးကျေးရွာနှစ်ရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ စုစုပေါင်း ၅၂ ဦးကို ငွေကျပ် ၅၆ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

ဝ-ဝ-ဝ-ဝ-ဝ

## မြစ်သားမြို့နယ်၌ တိုင်းရင်းဆေးကုဌာနမှ နယ်လှည့်ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုပေး

**မြစ်သား စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ရွှေသူဌေးရပ်ကွက်အတွင်းရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊မွေးမြူရေးအထက်တန်းကျောင်းတွင် ကျောင်းသား၊ကျောင်းသူများအား တိုင်းရင်းဆေးကုဌာနမှ နယ်လှည့်ကွင်းဆင်း ကျန်းမာရေးစောင့်ရှောက်ပေးမှုကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုပြေဝင်းက ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် မိုးရာသီတွင် အဓိကဖြစ်ပွားတတ်သော နှာစေးချောင်းဆိုးခြင်း၊ အစာမကြေခြင်း၊ သဲဝဲစားခြင်းနှင့် အရေပြားရောဂါများကို ကုသပေးခြင်း၊ တိုင်းရင်းဆေးဝါးများ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းများဖြင့် ကုသပေးခဲ့သည်။

မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကုသပေးစနစ်ဖြင့် မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ကျေးရွာအတွင်းရှိ စာသင်ကျောင်းများကိုလည်း သတ်မှတ်ရက်များအလိုက် နယ်လှည့်ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း မြို့နယ်တိုင်းရင်းဆေးမှူးထံမှ သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၈**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ ကွပ်ကဲရေးမှူး ရဲမှူးချုပ် လင်းထွဋ် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၏ မန္တလေးမြို့၊ အမှတ်(၁)စစ်မြေပြင်ဆေးတပ်ရင်း၌ ယနေ့နေ့လယ်ပိုင်းက စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဆောင်ရွက်ခဲ့ရာ အခမ်းအနားသို့ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် တာဝန်ရှိသူများမှ တက်ရောက်အားပေးချီးမြှင့်ခဲ့ပြီး၊ သွေးလှူရှင် တပ်ဖွဲ့ဝင်များနှင့် မိသားစုများအား ထောက်ပံ့ငွေနှင့် အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ရွှေရန်ကင်း)**

ဝ-ဝ-ဝ-ဝ-ဝ





# ရွှေဘိုမြို့ ဘိုကုန်းလမ်းနှင့် ရွှေကျောင်းလမ်း ကွန်ကရစ် ခင်းကျင်းပြီးစီး

**ရွှေဘို စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ ဘိုကုန်းလမ်းနှင့် ရွှေကျောင်းလမ်း ကွန်ကရစ်ခင်းကျင်းမှု ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

ဘိုကုန်းလမ်းနှင့် ရွှေကျောင်းလမ်းကို ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် တင်ဒါဖြင့် ကွန်ကရစ်လမ်းများ ခင်းကျင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ဘိုကုန်းလမ်းကို အရှည် ၁၅၅ ပေ၊ အကျယ် ၁၄ ပေနှင့် ထု ၉ လက်မရှိ ကွန်ကရစ်လမ်း ခင်းခဲ့ခြင်းဖြစ်သည်။

ရွှေကျောင်းလမ်းကို အရှည် ၁၅၃ ပေ၊ အကျယ် ၁၄ ပေနှင့် ထု ၉ လက်မရှိ ကွန်ကရစ်လမ်း ခင်းခဲ့ခြင်းဖြစ်ကြောင်း ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံမှ သိရသည်။

**(အပေါ်ပုံ)**

**(၃၉၄)**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ဂန့်ဂေါ စက်တင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေကို လေ့လာဖတ်ရှုနိုင်စေရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ ရရှိသော အသိပညာဗဟုသုတများကို ပြန်လည်အသုံးချ မျှဝေနိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကျောတိုက်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ဂန့်ဂေါ)တွင် အပိုင်း(၂)ပိုင်းခွဲ၍ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက ဦးစီးဆောင်ရွက်ကာ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ)မှ ကျောင်းသား၊ ကျောင်းသူများက ပါဝင် ဆွေးနွေးခဲ့ကြသည်။ အခမ်းအနားအစီအစဉ်ဒုတိယပိုင်းအဖြစ် ဆုချီးမြှင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုကာ အခမ်းအနားကို ဖွင့်လှစ်ပြီး ဂန့်ဂေါခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ကျင်းပခဲ့သည့် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပြိုင်ပွဲနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်ခဲ့သည့် အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသူများအား ဂန့်ဂေါခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ အခြေခံပညာအထက်တန်းကျောင်း(ဂန့်ဂေါ) ကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသော သုတ၊ ရသစာအုပ်များကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဇော်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးရာထွန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**မောင်မျိုးမင်း(ပြန်/ဆက်)**




# အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၈**

မျိုးဆက်သစ် ကျောင်းသားလူငယ်များ ကျောင်းပညာရေး ထူးချွန်ရန်သာမက ပြင်ပဗဟုသုတများစွာ တိုးပွားစေရေးအတွက် ရည်ရွယ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းထွေးက အဖွင့်အမှာစကားပြောကြားပြီး ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း စတင်ခဲ့ရာ အမှတ်(၁၉)အခြေခံပညာအထက်တန်းကျောင်းရှိ Grade-11 ကျောင်းသား မောင်ဆယ်ထက်က လူငယ်နှင့် စာဖတ်ခြင်း၊ Grade-8 ကျောင်းသူ မယမင်းက လူငယ်နှင့်ကျန်းမာရေး၊ Grade-10 ကျောင်းသူ မအင်ကြင်းစံက လူငယ်နှင့်အားကစား၊ Grad-9 ကျောင်းသူ မပပမော်က လူငယ်နှင့်နည်းပညာ၊ Grade-10 ကျောင်းသား မောင်ကျော်စွာဝင်းက လူငယ်နှင့် မူးယစ်ဆေးဝါး စသည့် ခေါင်းစဉ်ငါးရပ်နှင့်အတူ အသီးသီး ဆွေးနွေးပြောကြားသည်။

အဆိုပါဆွေးနွေးပြောကြားခဲ့သည့် ခေါင်းစဉ်များမှ သိရှိလိုသည်များကို လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မေးမြန်းခဲ့ပြီး ဦးစီးအရာရှိက ပြန်လည်ဖြေကြားခဲ့သည်။ လူငယ်စကားဝိုင်းသို့ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး၊ ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ချမ်းမြေ့မောင်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

**(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့ အမှတ်(၃)တပ်ခွဲ(ရွာထောင်)မှ တပ်ခွဲမှူး ဒုရဲမှူး ကြီးထွန်း ဦးစီးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၈ နာရီက စစ်ကိုင်းမြို့၊ ရွာထောင်မီးရထားရပ်ကွက်၊ နယ်မြေ(၁) ရွာထောင်ဘိုးဘွားရိပ်သာဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။**

**(ကဆ)**







တိုင်းစစ်ဌာနချုပ် အသီးသီး၌ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်စဉ်။

* စာမျက်နှာ ၂၄ မှ

၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးလျက်ရှိသည်။ ထို့အတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ထက် မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်း တာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ၎င်းထမ်းဆောင်ရမည့်ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးလျက်ရှိသည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပြည်သူ့စစ်မှု ထမ်းဆောင်ပြီးကြောင်း လက်မှတ် ပုံစံ(၁၂) ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ်စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင် ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

သတ်မှတ်စစ်မှုထမ်း ကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းများအနေဖြင့် ၎င်းတို့၏ဘဝတွင်





နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ နိုင်ငံကြီးသား ပီသစွာဖြင့် ဥပဒေပါတာဝန်များကို ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း သမိုင်းဝင်ကမ္ပည်းမော်ကွန်းထိုး မှတ်တမ်းဝင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့ စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့် အပြင် နိုင်ငံတော်အတွက် လိုအပ်နေသည့် အချိန်တွင် အသက်ကိုပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း များသည် သတ်မှတ်စစ်မှုထမ်း ကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက် အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေး တို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှု ကော်မတီ" က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင်ကြသည်များလည်း ရှိကြကြောင်း သိရသည်။

ယခုကဲ့သို့ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်ကာလ ပြည့်မြောက်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားသည် နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်းများပီပီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကို ထိုက်ထိုက်တန်တန် တန်ဖိုးထားခြင်းဖြစ်ပြီး တပ်မတော်နှင့် ပြည်သူအကြား ယုံကြည်မှု၊ အပြန်အလှန် လေးစားမှု၊ ကိုယ်ချင်းစာ နားလည်မှုနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း၏ တာဝန်ရှိမှု၊ တာဝန်သိမှုတို့ကို ဖော်ပြသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုဖြစ်ရာ လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းများ၊ သင်တန်း တက်ရောက်နေဆဲဖြစ်သည့် ပြည်သူ့စစ်မှုထမ်းများနှင့် နောင်လာနောက်သားမျိုးဆက်သစ် လူငယ်လူရွယ်များအတွက်လည်း စံနမူနာကောင်းတစ်ခုပင် ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းများ၏ တာဝန်ကျေပွန်မှုများသည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် ပြည်သူတစ်ရပ်လုံးက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင်လာပြီး တပ်မတော်နှင့်ပြည်သူ တစ်သားတည်း ဖြစ်တည်မှုကို အပြည့်အဝ သက်သေထူသည့် သမိုင်းဝင် မှတ်တိုင်တစ်ခုလည်း ဖြစ်သည်။

သတ်မှတ်ကာလ ပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

မိသားစုတွေနဲ့ ပြန်လည်ဆုံတွေ့ရတော့မယ် ဆိုတော့ အတိုင်းမသိ ဝမ်းသာမိပါတယ်။ (၂)နှစ်တာကာလ တာဝန်ထမ်းဆောင်ခဲ့တဲ့ အချိန်မှာ အခက်အခဲတွေက အများကြီးပါ။ အရာရာအားလုံးက ပျော်ဖို့တော့ ကောင်းပါတယ်။ စိတ်ဓာတ်၊ စည်းကမ်း၊ နေထိုင်စားသောက်မှုတွေ၊ သွားလာမှုတွေအားလုံး ပြောင်းလဲခဲ့ပါတယ်။ မိသားစုတွေကတော့ အများကြီးအားပေးခဲ့ပါတယ်။ ကောင်းကောင်းမွန်မွန်နေထိုင်ဖို့၊ အစစအရာရာဂရုစိုက်ဖို့အတွက်မှာခဲ့ပါတယ်။ ကိုယ်တိုင် တာဝန် ထမ်းဆောင်တဲ့အခါ အများကြီး နားလည်မှုတွေရလာပါတယ်။ ရဲရဲဝံ့ဝံ့ဝင်ဖို့အတွက် ဆုံးဖြတ်ချက် ချစေချင်ပါတယ်။ အပြင်လောကမှာ ပြောဆိုတဲ့ အရာတွေအကုန်လုံးထက် ဒီမှာ လက်တွေ့ထမ်းဆောင်ခဲ့တဲ့အရာတွေနဲ့ ကွဲပြားခြားနားမှုတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့က (၂)နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်တဲ့အတွက် အကုန်လုံးကိုလည်း နားလည်ခဲ့ပါပြီ။ (၂)နှစ်တာကာလ ထမ်းဆောင်ခဲ့ပြီးဖြစ်ခဲ့ပေမယ့် နိုင်ငံ့တာဝန်ကို ထပ်ပြီးတော့ ထမ်းဆောင်ချင်တဲ့စိတ်ရှိတဲ့အတွက်ကြောင့် ထပ်ပြီး ထမ်းဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော် (၂)နှစ်ပြည့်လို့ရှိရင် ဆက်လက်ပြီးတော့ ကျွန်တော် သန္ဓေအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်မယ်လို့ ခံယူချက်ထားပါတယ်။ ကျွန်တော်နဂိုကတည်းကလည်း တပ်မတော်ထဲဝင်ဖို့ စဉ်းစားခဲ့ဖူးတယ်။ ယခုလိုပြည်သူ့စစ်မှုထမ်းတွေခေါ်တော့မှ ကျွန်တော် ပြည်သူ့စစ်မှုထမ်းထဲကို ဝင်ရောက်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်ရွာကိုလည်း မပြန်ရတော့ဘူးဆိုတော့ ဒီမှာပဲဆက်နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်မယ်လို့ စိတ်ကူးထားပါတယ်။ အမေကလည်း လုပ်မယ်ဆိုဆက်လုပ်ဖို့ ပြောပါတယ်။ ရတဲ့လစာလည်း မိသားစုတွေကို အကုန်လွှဲပေးခဲ့ပါတယ်။ အခုတာဝန်ထမ်းဆောင်နေတဲ့တပ်က ကျွန်တော့် မိခင်တပ်ရင်းဖြစ်နေတော့ ကျွန်တော်ကိုယ့်ဘာသာကိုယ်လည်း တော်တော်လေး အဲဒီမှာနေရတာ ပျော်လို့လည်း ပါပါတယ်။ ကျွန်တော့်လိုမျိုး တပ်မတော်မှာ သန္ဓေအဖြစ် ဆက်လက်တာဝန်ပြန်ထမ်းဆောင်တဲ့ သူတွေရှိရင် ဂုဏ်ယူပါတယ်လို့ ပြောချင်ပါတယ်။

မိဘတွေနဲ့ပြန်တွေ့ရတော့မယ်ဆိုတော့ အတော်ဝမ်းသာပါတယ်။ နေထိုင်ပုံ၊ သွားလာပုံ၊ စားသောက်ပုံ စည်းကမ်းတွေ အကုန်လုံး ပြောင်းလဲလာပါတယ်။ အခက်အခဲတွေကတော့ အများကြီး ရင်ဆိုင်ခဲ့ရတယ်။ တိုက်ပွဲတွေလည်း အများကြီးကြုံခဲ့ရတယ်။ ရှေ့ဆက်ရမယ့် ဘဝမှာတော့ ကိုယ့်ကိုယ်ကိုယ် အများကြီး ပြောင်းလဲလာမယ်လို့ ထင်တယ်။ အများကြီးလည်း ကြိုးစားရဦးမယ်လို့ထင်ပါတယ်။ မိဘတွေကလည်း အများကြီးအားပေးခဲ့ပါတယ်။ ထပ်ပြီးတာဝန်ထမ်းဆောင်မယ့် သူငယ်ချင်းတွေကိုလည်း အစစအရာရာ ဂရုစိုက်ပါလို့ ပြောချင်ပါတယ်။ နောင်ပြည်သူ့စစ်မှုထမ်းမယ့် သူတွေလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီး နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါလို့ ပြောကြားလိုပါတယ်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံဗဟိုဘဏ် အတိုးနှုန်းကို ၀ ဒသမ ၂၅ ရာခိုင်နှုန်း မြှင့်တင် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ် အတိုးနှုန်း တိုးမြှင့်မှုဖြစ်

**တိုကျို စက်တင်ဘာ ၁၈**

ဂျပန်နိုင်ငံဗဟိုဘဏ်သည် ငွေကြေးဖောင်းပွမှုနှင့် လုပ်ခလစာများ မြင့်တက်လာခြင်း၊ အမေရိကန်၏ ဖိအားပေးခြင်းတို့ကြောင့် အတိုးနှုန်းကို ၀ ဒသမ ၂၅ ရာခိုင်နှုန်း မြှင့်တင်ကာ ၁ ဒသမ ၂၅ ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်သဖြင့် ချေးငွေစရိတ်များမှာ လွန်ခဲ့သော ၃၁ နှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



သောကြာနေ့က ပြုလုပ်ခဲ့သော အဆိုပါဆုံးဖြတ်ချက်သည် ဇွန်လနောက်ပိုင်း ပထမဆုံးအကြိမ် အတိုးနှုန်းတိုးမြှင့်မှုဖြစ်ပြီး ဂျပန်ဗဟိုဘဏ်က စီးပွားရေးအတွက် သင့်တင့်မျှတသည်ဟု ယူဆသည့် အဆင့်သို့ အတိုးနှုန်းများ ပိုမိုနီးစပ်လာစေသည်။

ဂျပန်နိုင်ငံသည် စွမ်းအင်ဈေးနှုန်းများ မြင့်တက်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးဖိအားများနှင့် ပြည်တွင်းငွေကြေးဖောင်းပွမှု ၂ ရာခိုင်နှုန်း ပစ်မှတ်ကို ကျော်လွန်နေခြင်းစသည့် အကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသော ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဘိုလီးဗီးယားတိမ်ဖုံးသစ်တောများထဲမှ တောကြောင်ငယ်တစ်မျိုးကို ယခင်က လူတို့မသိရှိသေးသော မျိုးစိတ်သစ်တစ်ခုအဖြစ် ဖော်ထုတ်



**ဆူခရေ စက်တင်ဘာ ၁၈**

ဘိုလီးဗီးယားနိုင်ငံ၏ တိမ်ဖုံးသစ်တောများတွင် ကျက်စားသော အရွယ်အစားသေးငယ်သည့် တောကြောင်တစ်မျိုးသည် ယခင်က လူတို့မသိရှိသေးသော မျိုးစိတ်သစ်တစ်ခုအဖြစ် ဖော်ထုတ်နိုင်ခဲ့ပြီး ယင်းသည် နှစ်ပေါင်းတစ်ရာကျော်ကာလအတွင်း သက်ရှိကြောင်မျိုးစိတ်သစ်တစ်ခုကို ပထမဆုံးအကြိမ်အဖြစ် တရားဝင် အမည်ပေးဖော်ပြနိုင်ခဲ့ခြင်းဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဒေသခံအသိုင်းအဝိုင်းများက တေးလ်ကာယိုဟု ခေါ်ဆိုကြသော အဆိုပါကြောင်သည် တောင်အမေရိကတိုက်၏ ဒေသအများအပြားတွင် တွေ့ရှိရသည့် ကျားတူကြောင်အုပ်စုဝင်တစ်မျိုးဖြစ်သည်။ ၎င်းကို သုတေသီများ၏ လေ့လာတွေ့ရှိချက်များအရ စိုထိုင်းဆမြင့်မားပြီး မကြာခဏ တိမ်ဖုံးလွှမ်းလေ့ရှိသော ဘိုလီးဗီးယားနိုင်ငံ၏ တောင်ကုန်းထူထပ်ရာ ယွန်းဂတ်စ်သစ်တောအတွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါကြောင်သည် အလျား ၄၆ စင်တီမီတာခန့်ရှိပြီး အလေးချိန် ၁ ဒသမ ၄ ကီလိုဂရမ်ခန့်ရှိသဖြင့် ပုံမှန်အိမ်မွေးကြောင်များထက် ပိုမိုသေးငယ်ကြောင်း သိရသည်။

**Mon**

## ဩစတြေးလျနိုင်ငံ အနောက်ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ငါးမန်းကိုက်ခံရသည်ဟု ယူဆရသူကို ရဲတပ်ဖွဲ့ လိုက်လံရှာဖွေ

**ကင်ဘာရာ စက်တင်ဘာ ၁၈**

ဩစတြေးလျနိုင်ငံ အနောက်ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ငါးမန်းကိုက်ခံရသည်ဟု ယူဆရသည့် ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ပျောက်ဆုံးနေသော ရေကူးသူတစ်ဦးကို ရဲတပ်ဖွဲ့က လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။



စက်တင်ဘာ ၁၈ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် အနောက်ဩစတြေးလျပြည်နယ်၊ ပါသ်မြို့ရှိ ဆိုရန်တိုကမ်းခြေ၌ "ငါးမန်းနှင့် ဆက်နွှယ်သည့် ဖြစ်စဉ်တစ်ခု" ဖြစ်ပွားကြောင်း အရေးပေါ်ကူညီရေးအဖွဲ့များထံ အကြောင်းကြားစာ ရောက်ရှိခဲ့သည်။

စိန့်ဂျွန်လူနာတင်ယာဉ်အဖွဲ့ သုံးဖွဲ့ လာရောက်ကူညီခဲ့ပြီး ပျောက်ဆုံးနေသူအား ရှာဖွေစဉ်အတွင်း "ရေကြောင်းရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့ပိုင်လေကြောင်းအကူအဖွဲ့"တို့သည် အခင်းဖြစ်ပွားရာနေရာ၌ ဆက်လက်ရှိနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## စမတ်မျက်မှန်များနှင့် ဆက်နွှယ်သည့် သံသယဖြစ်ဖွယ်ဖြစ်စဉ်များကို ပြင်သစ်အစိုးရရှေ့နေများက ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု စတင်ဖွင့်လှစ်

**ပဲရစ် စက်တင်ဘာ ၁၈**

စမတ်မျက်မှန်များနှင့် ဆက်နွှယ်သည့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်စော်ကားမှု သံသယဖြစ်ဖွယ်ဖြစ်စဉ်များကို ပြင်သစ်အစိုးရရှေ့နေများက ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုတစ်ခု စတင်ဖွင့်လှစ်လိုက်ပြီး ပြင်သစ်အချက်အလက်ကာကွယ်စောင့်ရှောက်ရေး အာဏာပိုင်များထံသို့လည်း စီးပွားရေးလုပ်ငန်းများထံမှ တိုင်ကြားစာများ ရောက်ရှိထားကြောင်း၊ တစ်ချိန်တည်းမှာပင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများသည် အဆိုပါစက်ပစ္စည်းများ၏ လူမှုအဖွဲ့အစည်းအပေါ် သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လက်ရှိတွင် စမတ်မျက်မှန်အမျိုးအစားများစွာ ထွက်ရှိထားသော်လည်း အမေရိကန်နည်းပညာကုမ္ပဏီကြီးဖြစ်သော မေတာက အက်ဆီလာ လူဇော့တီကာနှင့် ပူးပေါင်းထုတ်လုပ်သည့် မျက်မှန်များမှာ ကမ္ဘာ့ဈေးကွက်၏ ၇၆ ရာခိုင်နှုန်းခန့်ကို လွှမ်းမိုးထားပြီး အဓိက ဦးဆောင်လျက်ရှိသည်။

ဝတ်ဆင်သူအား မရိပ်မိအောင် ရိုက်ကူးနိုင်စေသည့် ကင်မရာသေးသေးလေး တပ်ဆင်ထားသော မေတာ၏ အေအိုင်စနစ်သုံး မျက်မှန်များသည် လွန်ခဲ့သည့်နှစ်တွင် ၇ သန်းအထိ ရောင်းချခဲ့ရသဖြင့် ကမ္ဘာတစ်ဝန်း အလွန်ရေပန်းစားခဲ့သည်။ အက်ဆီလာ၏ နောက်ဆုံးထွက်ရောင်းအား ကိန်းဂဏန်းများက ၂၀၂၆ ခုနှစ်တွင် "ထူးခြားစွာ တိုးတက်လာမှု"ကို ညွှန်ပြနေကြောင်း သိရသည်။

**Mon**

## စင်ကာပူနိုင်ငံ အလယ်ပိုင်းဒေသ၏ လေထုအရည်အသွေးဆိုးရွားနေ ကျန်းမာရေးနှင့် မသင့်လျော်သည့် အနေအထားသို့ ပြန်လည်ရောက်ရှိ

**စင်ကာပူ စက်တင်ဘာ ၁၈**

စင်ကာပူနိုင်ငံ အလယ်ပိုင်းဒေသ၏ လေထုအရည်အသွေးသည် စက်တင်ဘာ ၁၇ ရက် ညနေပိုင်းတွင် တစ်ရက်တာကာလအတွင်း ကျန်းမာရေးနှင့် မသင့်လျော်သည့် အနေအထားသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါဒေသ၏ ၂၄ နာရီကြာ လေထုညစ်ညမ်းမှု စံအညွှန်းကိန်းသည် ည ၉ နာရီတွင် ၁၀၂ သို့ ရောက်ရှိခဲ့ပြီး ကျန်းမာရေးနှင့် မသင့်လျော်သော အဆင့်ဘောင်အတွင်းသို့ ရောက်ရှိသွားခဲ့ကာ ည ၁၁ နာရီအချိန်အထိ အဆိုပါဒေသ၏ ၁၂နာရီ အချိန်၌ ၁၀၃ တွင် ရှိနေခဲ့သည်။

လွန်ခဲ့သည့် နှစ်ပတ်အတွင်း ထိုအညွှန်းကိန်းတန်ဖိုးများသည် ကျန်းမာရေးနှင့်မသင့်လျော်သည့် အဆင့်အတွင်းသို့ အတက်အကျရှိခဲ့ပြီး၊ အင်္ဂါနေ့က စင်ကာပူနိုင်ငံ၏ ဒေသငါးခုစလုံးတွင် ကျန်းမာရေးနှင့် မသင့်လျော်သည့် လေထုအရည်အသွေးအဆင့်များကို မှတ်တမ်းတင်နိုင်ခဲ့ရာ ဤကဲ့သို့ ဖြစ်ပွားခြင်းမှာ ၂၀၁၉ ခုနှစ် စက်တင်ဘာလနောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်လာခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့်အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်း ရေကြီးမှုနှင့် မြေပြိုမှုကြောင့် လူသုံးဦး သေဆုံး၊ နေအိမ် ၁၆၀၀၀ ကျော် ရေဘေးသင့်

**ဟနွိုင်း စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးမှုနှင့် မြေပြိုမှုတို့ကြောင့် လူသုံးဦးသေဆုံးခဲ့ပြီး နေအိမ် ၁၆၀၀၀ ကျော် ရေဘေးသင့်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန လက်အောက်ရှိ ဗီယက်နမ်သဘာဝဘေးအန္တရာယ်နှင့် တာတမံစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ကို ကိုးကား၍ စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



စက်တင်ဘာ ၁၇ ရက် ညနေ ၅ နာရီခွဲအချိန်အထိ ဖူးသိုပြည်နယ်၊ ဒါဘက်ကျေးရွာအုပ်စု၌ မြေပြိုမှုကြောင့် လူသုံးဦး သေဆုံးခဲ့ရသည်။ သန့်ဟိုအာပြည်နယ်တွင် နေအိမ်လေးလုံး ပြိုကျခဲ့ပြီး အခြား ၂၉ လုံး ပျက်စီးခဲ့ရသည်။ ထို့ပြင် သန့်ဟိုအာ၌ ၈၄၁၉ လုံး၊ နင်းဘင်း၌ ၄၇၈၇ လုံး၊ ဟနွိုင်း၌ ၂၂၀၄ လုံး၊ ငေအန်း၌ ၇၄၉ လုံးနှင့် ဖူးသို၌ ၁၅၁ လုံး ပါဝင်ကာ စုစုပေါင်း နေအိမ် ၁၆၃၁၀ လုံး ရေမြုပ်ခဲ့ရသည်။

ရေကြီးမှုကြောင့် စပါးနှင့် သီးနှံစိုက်ခင်း ဟက်တာ ၂၂၄၉၉ နှင့် အခြားသီးနှံစိုက်ခင်း ဟက်တာ ၂၁၇၂ လုံးဝရေမြုပ် ပျက်စီးခဲ့ရသည်။ အလားတူ ရေသတ္တဝါမွေးမြူရေးဧရိယာ ဟက်တာ ၁၁၇၅ ဒသမ ၆၂ အထိ ထိခိုက်မှုရှိခဲ့သည်။ ဆည်မြောင်း မြောင်းဘေးအရှည် ၁၉၉၉ မီတာမှာ တိုက်စားခံရကာပျက်စီးခဲ့ပြီး စာသင်ကျောင်း ၁၅ ကျောင်းလည်း ရေဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၈** အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ကြီးမှူး၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။



ဟောပြောပွဲတွင် မူလတန်းဆွေးနွေးပို့ချသူ စုံစမ်းရေးမှူး ဦးအောင်မျိုးထိုက်က မူလတန်းကျောင်းသား၊ ကျောင်းသူများ နားလည်လွယ်ကူစေရန် အဂတိလိုက်စားမှု၏ အဓိပ္ပာယ်နှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများ၊ နေ့စဉ်ဘဝတွင် ရိုးသားဖြောင့်မတ်စွာ နေထိုင်လိုက်နာသင့်သည့် အချက်များကို ဟောပြောခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့မူက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးအကြောင်းအရာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အလယ်တန်းကျောင်းသား၊ ကျောင်းသူများအား ဆက်လက်ဟောပြောခဲ့သည်။

ထို့ပြင် အဂတိလိုက်စားမှုဖြစ်ပေါ်စေနိုင်သည့် အခြေအနေများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့် အချက်များကိုလည်း အသိပညာပေးဟောပြောခဲ့ပြီး မူလတန်း ကျောင်းသား၊ ကျောင်းသူများနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဟောပြောသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာမကြီး ဒေါ်မိုးသီတာနှင့် ဆရာ၊ ဆရာမများ၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၊ အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် အလယ်တန်းကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-စ)**

၀-၀-၀-၀-၀

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တာချီလိတ် စက်တင်ဘာ ၁၈** မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၅ ရက် နံနက် ၇ နာရီတွင် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊နော်ရှဲ လားဟူလမ်းကြားတွင် စိုင်းခေးလှိုင်း ဆိုသူမောင်းနှင်ပြီး စိုင်းပုံ ဆိုသူ လိုက်ပါလာသည့် TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) အလေးချိန် ၄၆ ကီလိုနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ည ၇နာရီ ၁၀ မိနစ် အဆိုပါ အိုက်စ်(မက်သ်အမက်တမင်း)များ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းဝင်းအား တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ နော်ရှဲ လားဟူလမ်းကြားတွင် MGZS အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အားလည်းကောင်း၊ နံနက် ၇ နာရီ မိနစ် ၄၀ တွင် စိုင်းစံဟောင်ဆိုသူအား ၎င်းနေထိုင်သည့် တာချီလိတ်မြို့နယ်၊ မယ်ယန်းကျေးရွာရှိ နေအိမ်တွင် လက်ကိုင်ဖုန်းသုံးလုံးနှင့် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပါသည်။

(ယာပုံ)





အလားတူ စက်တင်ဘာ ၁၆ ရက်မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ဝိန်းကျောက်ရပ်ကွက်တွင် လမ်းလျှောက်လာသူ မျိုးမင်းနောင်ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၆၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်း၍ စိုင်းခေးလှိုင်း(၁၈)နှစ်၊ စိုင်းပုံ(၃၄)နှစ်၊ စိုင်းဝင်း(၅၄)နှစ်၊ စိုင်းစံဟောင်(၃၃)နှစ်နှင့် မျိုးမင်းနောင်(၂၇)နှစ်ဆိုသူတို့အား သက်ဆိုင်ရာ ရဲစခန်းများမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကျိုင်းတုံမြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**ကျိုင်းတုံ စက်တင်ဘာ ၁၈** မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက် ၅ နာရီ ၃၅ မိနစ်တွင် ကျိုင်းတုံမြို့နယ်၊ နောင်ငင်းကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ကျန့်ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း၌ သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျန့်(၂၀)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး။

## ကန်တော်ကြီးကန်ပတ်လမ်းတွင် အမျိုးသားတစ်ဦး သေဆုံးနေမှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၁၈** မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ ကန်တော်ကြီးအနောက်ဘက်ကန်ပတ်လမ်းတွင် အသက် ၃၀ ခန့်အရွယ် အမျိုးသားတစ်ဦး သေဆုံးနေမှု ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားကို ကန်ပတ်လမ်း ကန်ဘောင်ပေါ်တွင် သေဆုံးလျက်တွေ့ရှိခဲ့ပြီး သတင်းရရှိသဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ကနဦးစစ်ဆေးချက်အရ သေဆုံးသူ၏ ခန္ဓာကိုယ်တွင် ပြင်ပထိခိုက်ဒဏ်ရာများ မတွေ့ရှိရဘဲ ဆေးထိုးအပ်တစ်ချောင်းနှင့်အတူ တွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် သေဆုံးရသည့် အကြောင်းရင်းကို အတည်ပြုနိုင်ခြင်းမရှိသေးဘဲ ချမ်းမြသာစည်မြို့နယ် အမှတ်(၁၀)မြို့မရဲစခန်းတွင် သေမှုသေခင်းအဖြစ် အမှုဖွင့်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းမတိုင်မီ စက်တင်ဘာ ၁ ရက်ကလည်း ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ ၈၅လမ်းနှင့် ၈၆လမ်းကြားရှိ မြောင်းတစ်ချောင်းအတွင်း အမည်မသိ အမျိုးသားတစ်ဦး သေဆုံးနေမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀-၀

## နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၈** သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**(အောက်ဝဲပုံ)**



ထိုသို့ ဆောင်ရွက်ရာတွင် စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၈ ဒသမ ၇၅၉၁ တန်၊ သစ်မာ ၁၁ ဒသမ ၃၁၃၄ တန်၊ အခြား ၇၂ ဒသမ ၆၂၇၀ တန် စုစုပေါင်း ၉၂ ဒသမ ၆၉၉၅ တန်၊ ယာဉ်/ယန္တရားရှစ်စီး၊ တရားခံရှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များကမ်း၍ လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်များ GACC မှတ်ပုံတင်လျှောက်ထားနိုင်ရေး ရှင်းလင်းပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၁၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာထွက်ကုန်များစနစ်တကျ တရားဝင်တင်ပို့နိုင်ရေးနှင့် GACC (General Administration of Customs of the People's Republic of China) မှတ်ပုံတင် လျှောက်ထားနိုင်ရေး အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ စားသုံးသူရေးရာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများမှတာဝန်ရှိသူများ၊ ဖန်ခါးမြေကုန်သွယ်မှုမြှင့်တင်ရေး ဗဟိုဌာန၊ ဂဒ်ဘရားသားစ်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ်များမှ စုစုပေါင်း ၃၉ ဦးတက်ရောက်ကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက တရုတ်နိုင်ငံ၏ စည်းမျဉ်း ဥပဒေများအရ ပြည်ပမှ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတင်သွင်းရာတွင် GACC မှတ်ပုံတင်နံပါတ် သို့မဟုတ် ခွင့်ပြုချက်ပါရှိရန် မဖြစ်မနေ လိုအပ်သည့်အခြေအနေများ၊ တရုတ်ဈေးကွက်သို့တရားဝင်ဈေးကွက်ဝင်ရောက်နိုင်ရေး (Market Access) ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဒေသတွင်းကုန်ထုတ်လုပ်ငန်းရှင်များနှင့် ကုန်သည်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် ကုန်သည်များက စားသုံးသူဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးစစ်ဆေးရေး (Food Safety & Quality Control) ဆိုင်ရာစံချိန်စံညွှန်းများ၊ ပိုးမွှားရောဂါ ကင်းစင်ရေးနှင့် ကျန်းမာရေးအန္တရာယ် ကာကွယ်တားဆီးရေး(Plant & Animal Quarantine) စည်းကမ်းချက်များ၊ မူရင်းဇာစ်မြစ်စစ်ဆေးအတည်ပြုနိုင်ရေး (Traceability) ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အထွေထွေ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)



## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၈

နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော် သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (မကျီးပင်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြရာ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော် လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြတိုက်အတွင်းရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြပြီး ကျောင်းသား ကျောင်းသူများအတွက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘောဇဖလား ဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကလပ်အသင်း ပါဝင်ယှဉ်ပြိုင်ရေး ဆပ်ကော်မတီတွေ့ဆုံပွဲ ကျင်းပ

မန္တလေး စက်တင်ဘာ ၁၈

ကမ္ဘောဇဖလား ဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကလပ်အသင်း ပါဝင်ယှဉ်ပြိုင်ရေးအတွက် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီတွေ့ဆုံပွဲကို ယနေ့မွန်းလွဲ(၁)နာရီက မန္တလေးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း (အောင်သမာဓိ-စိန်ရွှေရတနာနှင့်ရွှေသန့်စင်လုပ်ငန်း)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း(လက်ရွေးစင်ဟောင်း)နှင့် ဦးခင်မောင်သင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေ၊ ဘဏ္ဍာရေးမှူး ဦးဇော်ဦး၊ တွဲဖက်အတွင်းရေးမှူး ဦးတင့်ဝေ (လက်/ညွှန်-အား/ကာသိပ္ပံ)နှင့် အမှုဆောင်များတက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းနှင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက်တွဲဖက်အတွင်းရေးမှူး ဦးတင့်ဝေနှင့် ဘဏ္ဍာရေးမှူး ဦးဇော်ဦးတို့က ရှမ်းပြည်နယ်တောင်ကြီးမြို့တွင်ကျင်းပမည့် ကမ္ဘောဇဖလားအမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု-မန်းအောင်ဆွေလင်းကလပ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ရေးအတွက် ဘော်လီဘောကစားသမားများ ရွေးချယ်စခန်းသွင်းလေ့ကျင့်ရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

တင်မောင်






## အီကာဒီကို ခေါ်ယူရန် စပါးအသင်း စီစဉ်



**လန်ဒန် စက်တင်ဘာ ၁၈**

စပါးအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တိုက်စစ်မှူး အီကာဒီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် အင်တာမီလန်၊ ဆမ်ဒိုးရီးယား၊ ပီအက်စ်ဂျီ၊ ဂါလာတာစာရေး စသည့် ကလပ်အသင်းများတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး အီကာဒီကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် စပါးအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူး အီကာဒီကို စပါးအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့သွားရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## မက်ဆီ အင်တာမိုင်ယာမီအသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

အင်တာမိုင်ယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် အသင်းကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၁၀၀ ပြည့်မြောက်သည့် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အင်တာမိုင်ယာမီ အသင်းက ခရုပ်အဇူလ်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲစုံ ၁၁၅ ပွဲကစားကာ ဂိုး ၁၀၀ သွင်းယူနိုင်ခဲ့သည်။

ထို့ပြင် အသက်(၃၉)နှစ်အရွယ်ရှိတိုက်စစ်မှူး မက်ဆီသည် အင်တာမိုင်ယာမီအသင်းသမိုင်းတွင် သွင်းဂိုး ၁၀၀ ပြည့်သည့် ပထမဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။ **(ယာပုံ)**

**(NGB)**



## ဗီလာရီးရဲလ်အသင်းက မာလာဂါအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် စက်တင်ဘာ ၁၈**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ဗီလာရီးရဲလ်အသင်းနှင့် မာလာဂါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီလာရီးရဲလ်အသင်းက မာလာဂါအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် မိနစ် ၄၀ တွင် မိုလီရို၊ ပွဲချိန် (၄၅+၂) မိနစ်နှင့် ၈၆မိနစ်တွင် ဂူယီတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဗီလာရီးရဲလ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၂၀ရက်တွင် လီဗန်တေးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(NGB)**

## နည်းပြ ဒီလာဖွန်တေ စပိန်လက်ရွေးစင်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို



**မက်ဒရစ် စက်တင်ဘာ ၁၈**

စပိန်လက်ရွေးစင်အသင်းသည် အသင်းနည်းပြ ဒီလာဖွန်တေကို ၂၀၃၂ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နည်းပြသည် စပိန်လက်ရွေးစင်အသင်းကို ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၄၉ပွဲတွင် ၃၇ပွဲနိုင်၊ ၁၀ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့ပြီး အသင်းကို ယူရို ၂၀၂၄ ချန်ပီယံဆု၊ ၂၀၂၆ ကမ္ဘာ့ဖလား ချန်ပီယံဆုတို့ကို ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

အသက်(၆၅)နှစ်အရွယ်ရှိ ဒီလာဖွန်တေက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ အနာဂတ်မှာ အောင်မြင်မှုတွေလည်း ရယူသွားဦးမှာပါ"ဟု ပြောသည်။ **(အပေါ်ဝဲပုံ) (NGB)**

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၈) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆ ညနေ၆း၀၀နာရီ | မီဝေါလ် - ဝက်စ်ဟမ်း | မီဝေါလ် ၀-၀ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၂-၁ မီဝေါလ် |
| ။ | ကာဒစ်ဖ် - ချာလ်တန် | ကာဒစ်ဖ် ၀-၀ ချာလ်တန်<br>ချာလ်တန် ၂-၂ ကာဒစ်ဖ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆ ညနေ၆း၃၀နာရီ | အိုဆာဆူနာ - ဗယ်လက်ကာနို | အိုဆာဆူနာ ၂-၀ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၁-၃ အိုဆာဆူနာ |
| ၁၉-၉-၂၀၂၆ ည၈း၄၅နာရီ | ဘီလ်ဘာအို - အလာဗက်စ် | ဘီလ်ဘာအို ၀-၁ အလာဗက်စ်<br>အလာဗက်စ် ၂-၄ ဘီလ်ဘာအို |
| ၁၉-၉-၂၀၂၆ ည၁၁း၀၀နာရီ | ဆဲလ်တာဗီဂို - ရေးဆင်း | ——— |
| ၂၀-၉-၂၀၂၆ နံနက်၀၁း၃၀နာရီ | ဆီဗီလာ - ဘာစီလိုနာ | ဆီဗီလာ ၄-၁ ဘာစီလိုနာ<br>ဘာစီလိုနာ ၅-၂ ဆီဗီလာ |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆ ညနေ၆း၀၀နာရီ | စပါး - အက်စတွန်ဗီလာ | စပါး ၁-၂ အက်စတွန်ဗီလာ<br>အက်စတွန်ဗီလာ ၁-၂ စပါး |
| ၁၉-၉-၂၀၂၆ ည၈း၃၀နာရီ | ဘရိုက်တန် - အာဆင်နယ် | ဘရိုက်တန် ၀-၁ အာဆင်နယ်<br>အာဆင်နယ် ၂-၁ ဘရိုက်တန် |
| ။ | အဲဗာတန် - အစ်ဆွစ်ချ် | အဲဗာတန် ၂-၂ အစ်ဆွစ်ချ်<br>အစ်ဆွစ်ချ် ၀-၂ အဲဗာတန် |
| ။ | နယူးကာဆယ် - ဟားလ်စီးတီး | နယူးကာဆယ် ၂-၂ ဟားလ်စီးတီး<br>ဟားလ်စီးတီး ၀-၃ နယူးကာဆယ် |
| ၁၉-၉-၂၀၂၆ ည၁၁း၀၀နာရီ | နော်တင်ဟမ် - ကိုဗင်ထရီ | ——— |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆ ည၉း၄၅နာရီ | ပါရီ - စထရာဘော့စ် | ပါရီ ၂-၃ စထရာဘော့စ်<br>စထရာဘော့စ် ၀-၀ ပါရီ |
| ၂၀-၉-၂၀၂၆ နံနက်၀၁း၁၅နာရီ | အန်ဂျဲစ် - ထရွိုင်ယက်စ် | အန်ဂျဲစ် ၂-၁ ထရွိုင်ယက်စ်<br>ထရွိုင်ယက်စ် ၃-၁ အန်ဂျဲစ် |
| ။ | လီမန်းစ် - လိုရီယန့် | ——— |
| ။ | လိုင်ယွန် - ရင်းနက်စ် | လိုင်ယွန် ၄-၂ ရင်းနက်စ်<br>ရင်းနက်စ် ၃-၁ လိုင်ယွန် |
| ။ | တူးလော့စ် - လီဟာဗာ | တူးလော့စ် ၀-၀ လီဟာဗာ<br>လီဟာဗာ ၂-၁ တူးလော့စ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆ ည၈း၀၀နာရီ | မိုချန်ဂလာဘတ် - မိန့်ဇ် | မိုချန်ဂလာဘတ် ၁-၁ မိန့်ဇ်<br>မိန့်ဇ် ၀-၁ မိုချန်ဂလာဘတ် |
| ။ | ဖရန့်ဖတ် - ဖရိုင်းဘတ် | ဖရန့်ဖတ် ၂-၀ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၂-၂ ဖရန့်ဖတ် |
| ။ | ဟမ်းဘတ် - ကိုလုံး | ဟမ်းဘတ် ၁-၁ ကိုလုံး<br>ကိုလုံး ၄-၁ ဟမ်းဘတ် |
| ။ | ဝါဒါဘရီမင် - အော့စ်ဘတ် | ဝါဒါဘရီမင် ၁-၃ အော့စ်ဘတ်<br>အော့စ်ဘတ် ၀-၀ ဝါဒါဘရီမင် |
| ၁၉-၉-၂၀၂၆ ည၁၁း၀၀နာရီ | စတုဂတ် - ဒေါ့မွန် | စတုဂတ် ၀-၂ ဒေါ့မွန်<br>ဒေါ့မွန် ၃-၃ စတုဂတ် |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၉-၉-၂၀၂၆ ည၇း၃၀နာရီ | ဘိုလော့ဂ်နာ - တိုရီနို | ဘိုလော့ဂ်နာ ၀-၀ တိုရီနို<br>တိုရီနို ၁-၂ ဘိုလော့ဂ်နာ |
| ။ | အူဒီးနိစ် - ကက်ဂလီယာရီ | အူဒီးနိစ် ၁-၁ ကက်ဂလီယာရီ<br>ကက်ဂလီယာရီ ၀-၂ အူဒီးနိစ် |
| ၁၉-၉-၂၀၂၆ ည၁၀း၃၀နာရီ | ရိုးမား - အင်တာမီလန် | ရိုးမား ၀-၁ အင်တာမီလန်<br>အင်တာမီလန် ၅-၂ ရိုးမား |
| ၂၀-၉-၂၀၂၆ နံနက် ၀၁း၁၅နာရီ | ဗင်နီဇီယာ - လာဇီယို | ဗင်နီဇီယာ ၀-၀ လာဇီယို<br>လာဇီယို ၃-၁ ဗင်နီဇီယာ |

# လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း ကွင်းဆင်းဆောင်ရွက်

**ရွှေဘို စက်တင်ဘာ ၁၈**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးအနေဖြင့် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရွှေဘိုမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းမြင့်ဦးဆောင်သည့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် UID ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးနေမှုများကို ရွှေဘိုခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးနှင့် အဖွဲ့ဝင်များ၊ ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၈၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ပြီး ကျန်ရှိနေသူများအား ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြစ်သားမြို့နယ်၌ စီးပွားဖြစ်ငှက်ပျောစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

**မြစ်သား စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဒေသခံ တောင်သူများက ကင်းတားရေလွှဲဆည်ရေနှင့်မြေအောက်ရေကိုအမှီပြုကာ ဖီးကြမ်းငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုအခါ ငှက်ပျောစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(အပေါ်ပုံ)**

ဝင်ငွေများတိုးပွားစေရန်အတွက် ငှက်ပျောစိုက်ပျိုးရေးလုပ်ကိုင်ရာ၌ သားတက်ဖြင့် မျိုးပွားခြင်း၊ အပင်တစ်သျှူးမျိုးပွားခြင်းစသည့် နည်းလမ်းများဖြင့် မျိုးပွား၍ စိုက်ပျိုးနိုင်သည်။ သားတက်ကို အပင်ခြေမှ နှစ်ပေခန့် ချန်၍ ၃၊ ၄ရက်ခန့် အရိပ်အောက်မှာ ခေတ္တအခြောက်ခံထားပြီးစိုက်ပျိုးမည့်ကျင်းအတွင်း စပါးခွံ၊ မြေဆွေး၊ သစ်ရွက်ဆွေး၊ နွားချေးတို့ကို မြေသားနှင့် ရောနှော၍ စိုက်ပျိုးရသည်။ ငှက်ပျောစိုက်ပျိုးပြီးချိန် ပေါင်းမြက်များရှင်းလင်းရာတွင်လည်း ငှက်ပျောပင်၏ အမြစ်ထိခိုက်မှုမရှိစေရန် အထူးဂရုပြုရှင်းလင်း ဆောင်ရွက်ပေးခြင်း၊ မိုးရာသီကာလရေစိမ့်ဆင်းမှုကောင်းစေရန် အပင်ခြေရေမဝပ်အောင် ငှက်ပျောပင်ခြေကို မြေဖို့ခြင်း၊ ခြောက်သွေ့ဆွေးမြေ့နေသော အရွက်များကို စနစ်တကျဖယ်ရှားရှင်းလင်းပေးခြင်းတို့ဖြင့် ငှက်ပျောပင်များအားစိုက်ပျိုးသင့်ကြောင်းသိရသည်။

ဖီးကြမ်းငှက်ပျောက ဈေးကွက်မှာ ဈေးအကောင်းဆုံးဖြစ်ပြီး မြို့နယ်အတွင်းရှိဒေသခံတောင်သူများက ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ဖီးကြမ်းငှက်ပျောက လူကြိုက်များပြီး ဈေးပိုရခြင်း လှည်းတစ်စီးအခိုင် ၄၀ ပါ ဈေးနှုန်းမှာ ၈ သိန်းကျပ် ရောင်းချရသဖြင့် တောင်သူ အများစုက အားထားစိုက်ပျိုးကြကြောင်း ငှက်ပျောစိုက်တောင်သူတစ်ဦးထံမှသိရသည်။

မြစ်သားမြို့နယ်တွင် ငှက်ပျော စိုက်ပျိုးသည့်ကျေးရွာများဖြစ်သော ရွှေပေါက္ကန်ကျေးရွာ၊ ငါးဆူကျေးရွာ၊ ကင်းစိန်ဈေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ နွားကူးလေးကျေးရွာ၊ အုပ်ရှစ်ကုန်းကျေးရွာ၊ တလိုင်းကုန်းကျေးရွာ၊ ကြောင်ပန်းကုန်းကျေးရွာ၊ ပွဲလုံးကျော်ကျေးရွာ၊ သရက်ပင်ကံဆွယ်ကျေးရွာ၊ ခရုတုတ်ကျေးရွာ၊ ကဆွန်ကျေးရွာ၊ ကျန်တောကျေးရွာ၊ ရွာခိုင်ကြီးကျေးရွာ၊ ဒါးဝယ်အင်းကျေးရွာ၊ မြနဒီကျေးရွာ၊ လက်ပံဆိပ်ကျေးရွာ၊ ရွှေကြာအင်းကျေးရွာတို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာလ ၁၇ရက်တွင် ရထားရဲတပ်ဖွဲ့၊ အမှတ်(၁) ရထား ရဲတပ်ဖွဲ့ခွဲ(မန္တလေး)တပ်ဖွဲ့ခွဲမှူး ဒုရဲမှူးကြီးဝင်းမြင့်အောင်ဦးစီးရဲတပ်ဖွဲ့ဝင်များက မန္တလေးမြို့၊ မဟာမုနိဘုရားကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**(ကဆ)**

၀-၀-၀-၀-၀



# ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲ ကျင်းပ

**အမရပူရ စက်တင်ဘာ ၁၈**

အမရပူရမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးနှင့် မိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို တောတွင်ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်/ကြပ်အဖွဲ့များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ မြို့နယ်ဆည်မြောင်းဦးစီးမှူး၊ တောင်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးလှိုင်က မိုးစပါးပန်းတိုင် ရရှိရေးနှင့်ပတ်သက်သော နည်းပညာများ အသိပညာပေးပြောကြားပြီး သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဒေါင်းရွေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၆၉)၊ မိုးစပါးဧရာမင်းစံပြကွက် ၁၅ ဧကအား သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲကို ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ခြင်းကို အကျယ်တဝင့် ရှင်းလင်းပြသပြီး တောင်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**လဲ့လဲ့နိုင်(အမရပူရ)**

၀-၀-၀-၀-၀

# အမှုဆောင်ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၈**

ချမ်းအေးသာစံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင် ဒါရိုက်တာသစ် ရွေးချယ်တင်မြှောက်ပွဲကို အဆိုပါရုံး၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမာဌေးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ ဖတ်ကြားခြင်း၊ မြို့နယ်သမဝါယမအသင်းစုဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာများ၊ အသင်း၏ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမှုဆောင်အဖွဲ့အား အဆိုပြုထောက်ခံစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး အသင်းအမှုဆောင်နှင့် အသင်းစာရင်းစစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကာ အသင်းဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားပြီး သဘာပတိက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ချမ်းမြေ့မောင်(ပြန်/ဆက်)**



# ကျေးလက်လမ်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အတွင်း တိုင်းဒေသကြီး ငွေလုံး ငွေရင်းရန်ပုံငွေကျပ် ၂၅၅ ဒသမ ၃၂၀ သန်းဖြင့် ကင်းလပ်-မြောက်တောကြီး-တအုံကျေးရွာချင်း ဆက်လမ်း အရှည်ပေ ၁၉၈၀၊ အကျယ် ၁၂ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင် ရွက်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)က ကွန်ကရစ်လမ်းခြင်းလုပ်ငန်းဆောင်ရွက်ရာ၌ လမ်းရေရှည်ခိုင်ခံ့စေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လမ်းဘေး ဝဲ၊ ယာရှိ လမ်းပခုံးများကိုလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သိပ်သည်းဆကောင်းမွန်စွာ ရရှိစေရန်အတွက် အထူးဂရုစိုက်ဆောင်ရွက်သွားရန်နှင့် လျာထားသော လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

အဆိုပါ ကင်းလပ်-မြောက်တောကြီး-တအုံကျေးရွာချင်း ဆက်လမ်း အရှည်ပေ ၁၉၈၀၊ အကျယ် ၁၂ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်လမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၅၅ ဒသမ ၃၂၀ သန်းဖြင့် စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းကို မဟာအောင်မြေမြို့နယ်၊ သံလျက်မော် အရှေ့ရပ်ကွက်ရှိ ပြည်လုံးအုံ့ဓမ္မာရုံ၌ စက်တင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရေးဦးစွာ မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ **(အောက်ပုံ)**



ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဇော်အောင်၊ မြို့နယ်ပညာရေးမှူးဒေါ်စိုးစိုး၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းသိန်းတို့က "ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး" ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအားလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက ရပ်ကွက်နေပြည်သူများအတွက် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်း လင်းပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၅)**




# ရန်ကုန်-မန္တလေး အမြန်လမ်းတွင် အလိုအလျောက် လမ်းအသုံးပြုခကောက်ခံမှု စတင်

**မန္တလေး စက်တင်ဘာ ၁၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ကြိုတင်ငွေပေးသွင်း၍ အလိုအလျောက် လမ်းအသုံးပြုခ ကောက်ခံသည့် Toll Pass RFID စနစ်ကို စက်တင်ဘာ ၁၇ ရက်မှစတင်၍ ပိတ်ရက်မရှိ စတင်အသုံးပြုနိုင်ပြီဖြစ်သည်။

အဆိုပါစနစ်ကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အမှတ်(၃)တိုးဂိတ်(၀ မိုင် ၇ ဖာလုံ)၊ စီလမ်းဆုံတိုးဂိတ် (၂၀၁ မိုင် ၃ ဖာလုံ)နှင့် စကားအင်းတိုးဂိတ် (၃၅၂ မိုင် ၄ ဖာလုံ) တို့တွင် ကနဦးဝန်ဆောင်မှုပေးလျက်ရှိသည်။

ယာဉ်ပိုင်ရှင်များအနေဖြင့် စမတ်ဖုန်း တပ်ဆင်မည့်ယာဉ်နှင့် ကညနယာဉ်မှတ်ပုံတင် (ဗီးတက်)တို့ယူဆောင်၍ ဖော်ပြပါ တိုးဂိတ်များရှိ Toll Pass Counter များတွင် သွားရောက်လျှောက်ထားနိုင်သည်။

တပ်ဆင်ခအဖြစ် RFID စတစ်ကာနှင့် တစ်နှစ်စာ ဝန်ဆောင်ခငွေကျပ် ၂၀၀၀၀ ကျသင့်မည်ဖြစ်ပြီး ကြိုတင်ငွေဖြည့်သွင်းမှုအတွက် အနည်းဆုံး ငွေကျပ် ၅၀၀၀၀ တန်ဖိုးရှိ ၅၀၀၀၀ TPU မှစတင်၍ ဖြည့်သွင်းရမည်ဖြစ်သည်။

စတင်ရောင်းချသည့်နေ့တွင် ငွေသားဖြင့်သာ လက်ခံမည်ဖြစ်ပြီး မကြာမီ MMQR, KBZ Pay, AYA Pay နှင့် Wave Pay စသည့် အွန်လိုင်းငွေပေးချေမှုစနစ်များနှင့် ချိတ်ဆက်သွားမည်ဖြစ်သည်။

Toll Pass စနစ် တပ်ဆင်ထားသည့် ယာဉ်များသည် တိုးဂိတ်များရှိ သီးသန့်ယာဉ်ကြောမှ အများဆုံး မိုင် ၂၀ (တစ်နာရီလျှင် ၂၀ ကီလိုမီတာ) နှုန်းဖြင့် မောင်းနှင်ရမည်ဖြစ်ကာ မောင်းတံ အလိုအလျောက်ပွင့်သွားမည်ဖြစ်သဖြင့် တန်းစီစောင့်ဆိုင်းရန်မလိုဘဲ တိုက်ရိုက်ဖြတ်သန်းနိုင်မည်ဖြစ်သည်။ **(အပေါ်ပုံ)**

ယင်းစနစ်သည် Phone Application မှတစ်ဆင့် လက်ကျန်ငွေ၊ ဖြတ်သန်းမှုမှတ်တမ်း စစ်ဆေးနိုင်ခြင်းနှင့် အွန်လိုင်းမှ ငွေဖြည့်သွင်းနိုင်ခြင်းတို့ကြောင့် ပိုမိုလွယ်ကူ လုံခြုံသည့်စနစ်ဖြစ်ကြောင်း သိရသည်။ **ရွှေမန်း**

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် စက်တင်ဘာ ၁၇**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး၍ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခဲ့သည်။

ရေးဦးစွာ သူနာပြုဆရာ၊ ဆရာမများက သွေးလှူဒါန်းမည့် ရဲတပ်ဖွဲ့ဝင်များအား သွေးပေါင်ချိန်ခြင်း၊ သွေးဖောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးပြီး သွေးလှူဒါန်းနေမှုအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး အောင်ကိုမြင့်၊ ပြင်ဦးလွင်ခရိုင် ပြည်သူ့ဆေးရုံအုပ်ကြီးဒေါက်တာ သင်းသင်းအိ၊ ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇင်၊ အမှတ်(၁၆)မူးယစ်တပ်ဖွဲ့စုမှ ဒုတိယရဲမှူးသုမောင်၊ ဒုတိယမြို့နယ်ရဲမှူး ဒုတိယရဲမှူး အောင်ဆွေလင်း၊ အမှတ်(၉၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မြင့်မြင့်ဌေးနှင့် အဖွဲ့ဝင်များက သွေးလှူဒါန်းနေမှုအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင် ၃၃ ဦးမှ ရရှိလာသော သွေးအိတ် ၃၃ အိတ်ကို ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် သွေးလှူဒါန်းသူတစ်ဦးချင်းအား ကြက်ဥ၊ အားဖြည့်အချိုရည်နှင့် နွားနို့များကို အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀-၀




# ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀၀ အထိ ဈေးမြင့်လာ

**မန္တလေး စက်တင်ဘာ ၁၈**

ကျောက်ဆည်ခရိုင်အတွင်း ယခုနှစ် မိုးဦးပဲစင်းငုံ စုစုပေါင်း ၁၄၁၅ ဧက စိုက်ပျိုးထားပြီး မိုးရွာသွန်းမှုကောင်းမွန်သောကြောင့် သီးနှံအောင်မြင်ဖြစ်ထွန်းနေကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၆၃၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၄၇၆ ဧကနှင့် မြစ်သားမြို့နယ်တွင် ၃၀၃ ဧက စိုက်ပျိုးထားသည်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးထားသည့်အပြင် သီးထပ်၊ သီးညှပ်အဖြစ်လည်း စိုက်ပျိုးကြပြီး ကြေးနီရောင် တဘက်လှဲမျိုးနှင့် ရွှေဝါရောင်လုံးသေး ဒင်္ဂါးမျိုးများကို အများဆုံးစိုက်ပျိုးကြသည်။

တစ်ဧက စိုက်ပျိုးစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် ငွေကျပ် ၃၅၀၀၀၀ ဝန်းကျင် ကုန်ကျပြီး ယခင်နှစ်တွင် တစ်ဧကလျှင် အထွက်နှုန်း ၁၂ တင်းမှ ၁၄ တင်းခန့် ရရှိခဲ့သည်။

ပဲစင်းငုံဈေးမှာ ဩဂုတ်လအတွင်း တစ်တင်းလျှင် ငွေကျပ် ၉၄၀၀၀ ဝန်းကျင် ရှိရာမှ စက်တင်ဘာ ဒုတိယပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀၀ အထိ မြင့်တက်လာသည်။

ထွက်ပေါ်ချိန်တွင် တောင်သူများက ပဲစင်းငုံကို ပွဲရုံများထံ တိုက်ရိုက်ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေး ဈေးကွက်များသို့ ဆက်လက်တင်ပို့ရောင်းချနေကြကြောင်း သိရသည်။ **(အောက်ပုံ)ရွှေမန်း**



# အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ရွာအခြေပြု(အခြေခံ)စက်ချုပ်သင်တန်းဖွင့်လှစ်

**ဟိုပုံး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ရပ်ရွာအခြေပြု(အခြေခံ) စက်ချုပ်သင်တန်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီက လွယ်အွန့်ကျေးရွာ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်က အမှာစကားပြောကြားရာတွင် ရပ်ရွာအတွင်းနေထိုင်ကြသည့် အမျိုးသမီးများ အိမ်တွင်းမှုပညာရပ်များ တတ်မြောက်ပြီး မိမိကိုယ်တိုင်ဘဝရပ်တည်နေထိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့အနေဖြင့်လည်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများရရှိရေးနှင့် မိသားစုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတတ်နိုင်ဆုံး ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မွန်မွန်ခင်၊ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်သိန်းသိန်းမြင့်တို့က သင်တန်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာမက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင်များက သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၇ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀-၀



# အိုဇုန်းလွှာကို ကာကွယ်ဖို့ လူတိုင်းပါဝင်စို့

အိုးဝေ(မြေနီကျင်း)

ကျွန်တော်တို့သိနေ၊ ပြောနေသော အိုဇုန်းလွှာ။ အိုဇုန်းလွှာအကြောင်း ဂဃနဏတော့ မသိပါ။ သို့သော် အိုဇုန်းလွှာခေါ်သည့် Ozone ကို ဓာတုဗေဒဖွဲ့စည်းပုံအရ "$O_3$" ဖြစ်သည်၊ $O_2$ သည် အောက်ဆီဂျင် ဖြစ်သည်ဟု မှတ်သားရသည်။ (Ozone) တွင် အောက်ဆီဂျင် အက်တမ် သုံးခုသည် တစ်ခုနှင့်တစ်ခု အီလက်ထရွန် မျှဝေသုံးစွဲပြီး ချိတ်ဆက်ထားခြင်းဖြစ်သည်။ ၎င်းတွင် ဗေလင်စီ သုံးရှိ၍ ပေါင်းစပ်ခြင်းမဟုတ်ဟု မှတ်သားရသည်။ အမှန်အားဖြင့် အိုဇုန်းလွှာသည် အငွေ့တွေ ပေါင်းစပ်ဖွဲ့စည်းထားသည့် ပါးလွှာနေသော အငွေ့တန်းလေးတစ်ခုပင် ဖြစ်သည်။ ၎င်းအိုဇုန်းလွှာ ဘယ်မှာရှိသလဲဟု မေးပါက ကမ္ဘာမြေကြီး၏ အထက် (၆)မိုင်ကနေ မိုင်(၃၀)အကြား တည်ရှိနေပါသည်။ ၎င်းအိုဇုန်းလွှာသည် ကမ္ဘာမြေပေါ် မှီတင်းနေထိုင်ကြသည့် လူနှင့်သတ္တဝါတို့ကို တားဆီးကာကွယ်ပေးနေသည်။ သို့သော် ကျွန်တော်တို့ သတိမထားမိကြပါ။ ယနေ့ကမ္ဘာမြေကြီးက တဖြည်းဖြည်း ပူနွေးလာခြင်းကြောင့် ၎င်းကို သိလာကြသည်။ ထုံးစံအတိုင်း ခလုတ်ထိမှ အမိတဆိုသကဲ့သို့ အိုဇုန်းလွှာ၏တန်ဖိုးကို မသိဖြစ်ကြရ၏။ သိသည့်အချိန်၌ နောက်ကျ၍နေပြီလားဟု စဉ်းစားစရာလည်း ဖြစ်ကြရသည်။

အိုဇုန်းလွှာသည် မူလရှိပြီး အငွေ့တန်းတစ်ခုဖြစ်၏။ တဖြည်းဖြည်းချင်းပါးလွှာပြီး ပေါက်ပြဲသွားပါက ကမ္ဘာမြေကြီးသည် ဆိုးရွားဖွယ်အန္တရာယ်နှင့် ကြုံကြရမည် ဖြစ်သည်။ ကမ္ဘာပေါ်ရှိ အတတ်ပညာရှင်၊ အသိပညာရှင်တို့က နှစ်စဉ်စုပေါင်း၍ အိုဇုန်းလွှာအရေး ဆွေးနွေးပွဲများပြုလုပ်လျက် ကမ္ဘာ့အိုဇုန်းလွှာနေ့ (သို့မဟုတ်) ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ World Ozone Day ကို နှစ်စဉ် စက်တင်ဘာ ၁၆ ရက်ကို သတ်မှတ်ထားခဲ့ကြသည်။ (Ozone) ၏ အဓိပ္ပာယ်နှင့် ရည်ရွယ်ချက်က ကမ္ဘာမြေကြီး အပူချိန်လျှော့ချရေး မွန်တယ်ရီရယ်၏ သဘောတူညီချက်နှင့် KIGALI ပြင်ဆင်ချက်တို့၏ အောင်မြင်မှုများကို ဂုဏ်ပြုရန်ဖြစ်သည်။ (ဒုတိယ)အချက်အရ ရေရှည်တည်တံ့သော အအေးပေးစနစ်များ ရာသီဥတုကို ထိခိုက်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချပေးခြင်းနှင့် စွမ်းအင်ပြည့်ဝပြီး ရေရှည်အသုံးတည့်မည့် နည်းပညာများဆီသို့ ကူးပြောင်းရန်တို့ ဖြစ်သည်။

(တတိယ) အချက်အနေဖြင့် ကမ္ဘာ့အိုဇုန်းလွှာကို ဆက်လက်ထိန်းသိမ်းလျက် သက်ရှိအားလုံးအတွက် ဘေးကင်းပြီး အောင်မြင်သော ကမ္ဘာကြီးကို ဖန်တီးရန်ဖြစ်သည်။ ယနေ့ကမ္ဘာနှင့် နေအကြား ဖော်ပြပါ Ozone ခေါ် အငွေ့တန်းကြီး တည်ရှိနေ၍ နေမှ နေရောင်ခြည်သည် လူတို့အပေါ် တိုက်ရိုက်မကျရောက်ခြင်းဖြစ်သည်။ ထိုနေရောင်ခြည်တွင် ခရမ်းလွန်ရောင်ခြည်ပါဝင်နေသည်။ အင်္ဂလိပ်လို (Ultraviolet) အတိုကောက် (UV)လို့ ခေါ်သည့် ရောင်ခြည်များပါဝင်သည်။ ၎င်းရောင်ခြည်သည် လူကိုမျက်လုံးကွယ်စေခြင်း၊ အရေပြားကင်ဆာဖြစ်ပေါ်ခြင်း၊ ကိုယ်ခံစွမ်းအားကို ကျစေခြင်းတို့ကိုဖြစ်စေနိုင်သည်။ ၎င်းရောဂါများ မဖြစ်စေရန် '$O_3$'ခေါ် Ozone လွှာက ကာကွယ်တားဆီးပေးခြင်းကြောင့် လူတွေ ကျန်းမာရေးကိုမထိခိုက်ဘဲ ရှိနေသည်။ ထို့ကြောင့် လူနှင့်သတ္တဝါတို့အတွက် အိုဇုန်းလွှာသည် အရေးကြီးဆုံး ဖြစ်လာခဲ့သည်။

UV နှင့် ပတ်သက်ပြီး အကြမ်းဖျင်း သိထားသင့်သည်။ UV အမျိုးအစား သုံးမျိုးရှိပြီး UV-A, UV-B, UV-C တို့ ဖြစ်ကြသည်။ UV-A က လူအတွက် အလွန်အန္တရာယ်များတဲ့ ရောင်ခြည်ဖြစ်သည်။ UV-B က အန္တရာယ်အသင့်အတင့်ကို ဖြစ်စေသည်။ ၎င်း UV-B ကို Ozone လွှာက ကမ္ဘာမြေပေါ်မကျရောက်ရန် ကာကွယ်ပေးထားသည်။ UV-C ကတော့ အဆိုးဝါးဆုံးရောင်ခြည်ဖြစ်သည်။ အထူးသဖြင့် ၎င်းရောင်ခြည်တွေ ကမ္ဘာမြေပေါ် မကျရောက်စေရန် ကာကွယ်ပေးထားခြင်းက လူတို့အတွက် ကျန်းမာရေးကို အထောက်အကူပြုပေးနေပါသည်။ ထိုသို့မဟုတ်က ကမ္ဘာပေါ်ရှိ လူတို့၏ သက်တမ်းသည် ပို၍ ဆိုးရွားဖွယ် ဖြစ်လာနိုင်သည်။ သို့ပါ၍ အိုဇုန်းလွှာထုထုကြီး ကမ္ဘာမြေပြင်အထက်ရှိနေပါက (တစ်နည်းအားဖြင့်)ပါးလွှာပြီး မပေါက်မပြဲပါက နေရောင်ခြည်မှ ထုတ်လွှတ်တဲ့ UV-A, UV-B, UV-C သုံးမျိုးလုံး ကမ္ဘာမြေပြင်သို့ အတော်အသင့် မကျရောက်ဘဲ လူအားလုံး ဘေးဒုက္ခနှင့် ရောဂါပေါင်းစုံမှ ကင်းဝေးကြမည်ဖြစ်သည်။ သို့သော် လက်ရှိ ကမ္ဘာမြေကြီးတွင် မှီတင်းနေထိုင်ကြသူအားလုံး ရောဂါဘေး၊ သဘာဝဘေးတို့ဖြင့် ခါးစည်းခံနေကြရပါသည်။ အိုဇုန်းလွှာပါးလာခြင်းကို အိုဇုန်းလွှာပေါက်သည်ဟုလည်း အလွယ်ပြောကြသည်။ အမှန်အားဖြင့် Ozone လွှာက (၃)မီလီမီတာ လောက်သာရှိသည်။ နေ့စဉ်လူတို့သုံးစွဲနေသည့် ဓာတုဗေဒအငွေ့တွေကြောင့် ပျက်စီးပါးလွှာနေခြင်းကို ပြောခြင်းဖြစ်သည်။

နေ့စဉ်အသုံးပြုနေသည့် မီးဖို၊ ရေခဲသေတ္တာ၊ အဲယားကွန်း၊ လေအေးပေးစက်၊ မော်တော်ကား၊ ဆေးဖျန်းဘူး၊ ခြင်ဆေးဖျန်းဘူး၊ မီးသတ်ဆေးဘူး အစရှိသော ပစ္စည်းများတွင် ကလိုရိုဖလူရိုကာဗွန် (CFC) ကိုသုံးပြီး ထုတ်လုပ်ထားသည့်အတွက် ၎င်းပစ္စည်းတွေသုံးသည့်အခါ (CFC) ဓာတ်ငွေ့တွေထွက်လာပြီး လေထဲရောက်သည်နှင့် အိုဇုန်းလွှာကို ပါးစေသည်။ ယနေ့ကမ္ဘာကြီးသည် လူနေမှုအဆင့်မြင့်လာသည်နှင့်အမျှ အသုံးပြုပစ္စည်းများမှ တစ်ဖန် ပတ်ဝန်းကျင် ဂေဟစနစ်ကို ဆိုးကျိုးများ ဖြစ်စေပါသည်။ တစ်နည်းအားဖြင့် ကောင်းကျိုးကို စနစ်တကျ အသုံးမပြုနိုင်သရွေ့ ဆိုးကျိုးများသည်လည်း ဒွန်တွဲနေမည် ဖြစ်သည်။ ယနေ့အခါ ရှေ့နှစ်ပေါင်းများစွာက တည်ရှိနေခဲ့သော ဂေဟစနစ်ကြီးသည်လည်း လူတို့၏ မဆင်မခြင်မှုကြောင့် ယိုယွင်းလာပြီး ကမ္ဘာကြီး၏ သုံးပုံတစ်ပုံမျှရှိ မြေထုသည်လည်း တဖြည်းဖြည်းချင်း လုံးပါးပါးကာ သစ်ပင်က ခုတ်၊ သဲက စုပ်၊ မြစ်ချောင်းရေခန်း၊ သဲမြေကြမ်းရုံမက တစ်ခန်းကန္တာရ လွှာဝက အဆန်းတွေနှင့်သာ ကြုံကြရမည် ဖြစ်သည်။

သို့ပါ၍ ယနေ့ကမ္ဘာမြေကြီး ပူနွေးလာမှုကို သတိမူကာ နှစ်စဉ်တောင်ကတုံးကို သျှောင်ထုံးလို့ သစ်ပင်များ စိုက်ပျိုးကြသည်။ သစ်တောရေးရာဦးစီးဌာနမှ ဦးစီး၍ နှစ်စဉ်သစ်အစားထိုး၊ ထင်းအစားထိုး သစ်ပင်များ စိုက်ပျိုးကြရသည်။ အချို့ဖွံ့ဖြိုးပြီး နိုင်ငံအချို့က မိမိအိမ်ခေါင်မိုးပေါ်တွင် ဟင်းသီးဟင်းရွက်ပင်၊ သစ်ပင်စားပင် အပင်ငယ်အချို့ဖြင့် ဖန်လုံအိမ်အာနိသင်အဖြစ်မျိုး မရောက်စေရန် စိမ်းစိုစေသော ဂေဟစနစ်ဆီကို အကောင်အထည်ဖော်လျက်ရှိပါသည်။ မြို့ရွာများတွင် ဥယျာဉ်ပန်းခြံတို့ဖြင့် မြို့အလှတန်ဆာဆင်ကြသည်။ အိုဇုန်းလွှာကို ကာကွယ်ဖို့ ရည်ရွယ်ပြီး အရိပ်ရ၊ လေကာပင်နှင့် သီးနှံစားပင်တို့ကို စိုက်ပျိုးကြသည်။ အိုဇုန်းလွှာအတွက် ကြီးမြန်သစ်ပင်များ စိုက်ပျိုးရန်လည်း လိုပါသည်။ သစ်ပင်များများ စိုက်ပျိုးခြင်းက သစ်ရွက်တို့သည် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် နေရောင်ခြည်စွမ်းအင်သုံးကာ အပင်မှရရှိသည့် ကလိုရိုဖီးလ်နှင့် ရေတို့ပေါင်းစုကာ (Photosynthesis) အလင်းမှီ အစာစုဖွဲ့ခြင်းကို ပြုလုပ်၍ လေထဲသို့ အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးပါသည်။ သို့အတွက်

**ကမ္ဘာမြေကြီးအထက် ဝေးကွာနေသည့် အိုဇုန်းလွှာကို မျက်စိဖြင့် မမြင်ရသော်လည်း အပူလွန်ကဲသည့်နေ့ရက်များတွင် အပူရှိန်မြင့်နေတာသိပြီး အရက်အလွန်အကျွံ မသောက်မိဖို့လိုပါသည်။ ရေချိုးတာကို သတိဖြင့် ဆင်ခြင်ရင်း အပူကင်းတဲ့ အရိပ်အတွင်းနေဖို့လည်း လိုပါသည်။ သတိမမူက ဂူလည်း မမြင်နိုင်ပါ။ သတိနှင့် ဆင်ခြင်မှ ကျန်းမာပျော်ရွှင်၍ နေနိုင်မှာဖြစ်သည် ...**

ကြောင့် လူတို့အတွက် မကောင်းသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ၎င်းက စုပ်ယူပေးသဖြင့် (Ozone)လွှာအတွက် အထောက်အပံ့ ဖြစ်စေပါသည်။ ထို့ကြောင့် 'သစ်ပင်စိုက်ပါတို့ကမ္ဘာ သာယာလှပ လူမှုဘဝ' ဆိုသည့်အတိုင်း (Ozone) လွှာကို နည်းလမ်းစုံဖြင့် အကာအကွယ်ပြုကြရပါမည်။

ကမ္ဘာမြေကြီးအထက် ဝေးကွာနေသည့် အိုဇုန်းလွှာကို မျက်စိဖြင့် မမြင်ရသော်လည်း အပူလွန်ကဲသည့်နေ့ရက်များတွင် အပူရှိန်မြင့်နေတာသိပြီး အရက်အလွန်အကျွံမသောက်မိဖို့ လိုပါသည်။ ရေချိုးတာကို သတိဖြင့် ဆင်ခြင်ရင်း အပူကင်းတဲ့ အရိပ်အတွင်းနေဖို့လည်း လိုပါသည်။ သတိမမူက ဂူလည်း မမြင်နိုင်ပါ။ သတိနှင့် ဆင်ခြင်မှ ကျန်းမာပျော်ရွှင်၍ နေနိုင်မှာဖြစ်သည်။ အထူးသဖြင့် အပြင်ထွက်လျှင် နေကာမျက်မှန်၊ လက်ကိုစွပ်ရသည့် အိတ်၊ ထီး၊ ဦးထုပ်၊ ခမောက်ကို ဆောင်းရပါမည်။ မလိုအပ်လျှင် အပြင်မထွက်ဘဲ လိုအပ်ပါက ထွက်ရန်သာဖြစ်သည်။ ရေများများ သောက်ပြီး အရိပ်ကောင်းတွင် နားခိုကြရမည် ဖြစ်သည်။ အချို့ အပူပိုင်းဇုန်ရှိ နိုင်ငံအချို့တွင် နံနက်စောစော အလုပ်လုပ်ပြီး နေ့လယ် အနားပေးလျက် ညနေ ၆ နာရီ အထိ တာဝန်ချိန်သတ်မှတ်၍ အပူဒဏ်ကို ကာကွယ်ကြသည်။ ထို့ကြောင့် နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအတွင်း အပူရှောင်ရန် လိုအပ်ပါသည်။ UV-A, B,C ခရမ်းလွန်ရောင်ခြည်များ မခံမိရန် လိုသည်။ အသက်ကြီးချိန် UV ခံစားရပါက ကျန်းမာရေးစင်တာ၊ နီးရာဆေးခန်းသို့ အရောက်လှမ်းရန် ဖြစ်သည်။

သို့ပါ၍ 'အိုဇုန်းလွှာဖာဖို့ သစ်ပင်စိုက်ကြစို့'၊ 'ဖန်လုံအိမ် အာနိသင်ကာကွယ်ဖို့သစ်ပင်ပန်းပင်များများ စိုက်ကြစို့'၊ 'ပူနွေးကမ္ဘာ သစ်ပင်စိုက်၍ ကာကွယ်ပါ'၊ 'အိုဇုန်းလွှာကို ကာကွယ်ရေး အသက်ရှင်ဖို့ ဦးစားပေး'ဟူသည့် ဆောင်ပုဒ်များနှင့်အညီ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်နေ့ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (World Ozone Day)ကို ဂုဏ်ပြုရင်း ယခုနှစ် ဆောင်ပုဒ်မှာ 'ကမ္ဘာမြေ ပိုမိုအေးမြစေဖို့ ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားဆောင်ရွက်စို့' ဟု ဖြစ်ပါသည်။

**မှီငြမ်း** -

- ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် သစ်တောရေးရာ ဝန်ကြီးဌာန ပတ်ဝန်းကျင် အသိပညာပေးစာစောင် - ၂၀၀၉ ခုနှစ်
- အင်တာနက် စာမျက်နှာ

## မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက် အောင်မြင်ဖြစ်ထွန်းမှုအား ကွင်းဆင်းစစ်ဆေး

**မောက်မယ် စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်း ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက်တိုးစေရန်နှင့် မိုးစပါးစိုက်ပျိုးမှုအတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့ နံနက် ၁၀ နာရီက မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မိုးစပါးစံပြကွက်များ အောင်မြင်ဖြစ်ထွန်းမှုအား ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် စဥ့်ဆိုင်ကျေးရွာအုပ်စု၊ မိုင်းယွန်းအနောက်ရွာ၊ ကွင်းအမှတ်(၂)၊ ဦးပိုင်(၃)တောင်သူဦးဆောနှင့် ဦးပီကျော်တို့၏ လယ်မြေများ၌ စိုက်ပျိုးဆောင်ရွက်ထားရှိသော မိုးစပါး ယှဉ်ပြိုင်စမ်းသပ်ကွက်နှင့် မိုးစပါးစံပြကွက်များ အောင်မြင်ဖြစ်ထွန်းမှုအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း မြေနေရာရရှိရေးအတွက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးမြေနေရာနှင့် ဈေးတန်းရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနရုံး၏ အနောက်ဘက် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိ မြေကွက်နေရာ၏မြေရာဇဝင်အား ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြုံတွေ့ခဲ့ရသော လုပ်ငန်းများ၏ အခက်အခဲများ တင်ပြမှုအပေါ် ခရိုင်အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## လျှော်ဒတ်ထိ စေတီတော်ကြီးများ ပြုပြင်ရန် အလှူငွေလှူဒါန်း

**စဉ့်ကိုင် စက်တင်ဘာ ၁၈**

စဉ့်ကိုင်မြို့နယ်၊ ရှေးဟောင်းမက္ခရာဒေသမှ မက္ခရာရွှေရောင်တော်ဘုရားကြီး၊ ဆင်ဖြူတောင်ရွှေပြည်ငြိမ်းချမ်းစေတီတော်ကြီးတို့သည် မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးခဲ့သဖြင့် ဘက်စုံပြုပြင်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းလျက်ရှိသည်။

ငလျင်ဒဏ်ထိ မက္ခရာရွှေရောင်တော်ဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် စဉ့်ကိုင်မြို့နယ် မက္ခရာရွာ ဒေါ်သိန်းကြည်အား ရည်စူး၍ ဦးကြည်မောင် သားမောင်နေလင်းထွန်း မိသားစုက အလှူငွေကျပ် သုံးသိန်း၊ ငလျင်ဒဏ်ထိဆင်ဖြူတောင် ရွှေပြည်ငြိမ်းချမ်းစေတီတော်ကြီး ဘက်စုံပြုပြင်ရေးအတွက် ကျောက်ဆည်မြို့နယ်၊ မြင်စိုင်းမြို့သစ် ဦးစောနိုင်ဝင်း ဒေါ်ချို မိသားစုက အလှူငွေကျပ် လေးဆယ့်ငါးသိန်း အုတ်ချပ်ရေ ၁၀၀၀၊ ဘိလပ်မြေအိတ် ၃၀၊ ဦးစန်းလွင်၊ ဒေါ်မိုးမိုးခိုင်၊ သမီး မစံရတီစန်းလွင် မိသားစုက အလှူငွေ ကျပ်တစ်ဆယ့်ငါးသိန်း၊ ဦးသန်းဝင်း၊ ဒေါ်မီမီအေး နေပြည်တော် မိသားစုက အလှူငွေကျပ် သုံးသိန်းတို့ကို အသီးသီး လှူဒါန်းခဲ့သည်

ကုသိုလ်ပါဝင်လိုပါက အရှင်ပဏ္ဍိတ ဩဝါဒါစရိယဆရာတော် ဖုန်း ၀၉-၂၀၁၂၁၂၂၊ အရှင်သဒ္ဓာနရွှေရောင်တော်ဆရာတော် ဖုန်း ၀၉-၇၉၇၆၀၆၁၆၆၊ ဦးကျော်ထွန်း အင်ဂျင်နီယာ ဖုန်း ၀၉-၄၄၄ ၀၁၈၆၄၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



## စာအုပ်စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက လူထုအခြေပြုဗဟိုဌာနတွင် ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့်အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအတွက် စာပေဖတ်ရှုလေ့လာရာတွင်ရရှိမည့် အကျိုးကျေးဇူးများနှင့် စာပေဖတ်ရှုမှသာ ဗလငါးတန်ပြည့်စုံမည့် ထူးချွန်သူများ ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျောက်ဆည်မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးကျော်သန်း (မောင်ခိုင်ကျော်ကျောက်ဆည်)က ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့်အကောင်းဆုံးသော ဘဝကိုတည်ဆောက်ခြင်း" စာအုပ်မှ မှားမှာကို မကြောက်ပါနဲ့၊ အောင်မြင်ခြင်းအတွက် တည်ဆောက်ယူခြင်း၊ လူငယ်နှင့်စူးစမ်းလေ့လာမှုများ၊ ပညာရေးအစ စာအုပ်များဖြင့်အစပြုပါ၊ လူငယ်နှင့်အမြင်၊ လူမျိုးမြင့်ဖို့ စာဖတ်စို့၊ လူငယ်နှင့်မေတ္တာတရား စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



## လူငယ်ရေးရာ အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၁၈**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုန်းတော်ကြီးအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယနေ့ နံနက် ၉ နာရီခွဲက မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန် အသိပညာဗဟုသုတများတိုးပွားလာစေရန်၊ စာဖတ်ရှိန်မြှင့်တင်ရန်၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက "စာဖတ်ကြပါစို့" ခေါင်းစဉ်ဖြင့် စာပေ၏ အကျိုးကျေးဇူးအကြောင်း၊ မူးယစ်ဆေးဝါး၏ ကောင်းကျိုး၊ ဆိုးကျိုး အကြောင်းအရာများကို ဟောပြောခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ **(၀၇၅)**

## မိဘမေတ္တာများ

* စေတနာအနန္တနဲ့
ကြံဆလျက် ပေးစွမ်းနေ
ရန်မသွယ် ဘေးမခဘဲ
အေးမြပါစေ။

* သားသမီးများ ဘဝအခြေ
ရလေတဲ့ ချမ်းသာခြင်း
မိဘများ ဘဝထပ်လို့
ပေးဆပ်မယွင်း။

* သံသာချို အပြုံးလှနဲ့
ဆုံးမလို့ သွန်သင်ကာ
သားသမီးတွေ ဘဝလမ်း
လှပန်းဝေဖြာ။

* မိဘ၏ ချစ်ခြင်းမေတ္တာ
ပြစ်ကင်းရစ်စွာ ထာဝရ
ဘုရားနဲ့ တစ်ဂိုဏ်းတည်းထားကာ
တရားစွာလှ။

* လပမာ ရောင်အဆင်းနဲ့
နေအချင်းမျှ အလင်းတည်
ကျေးဇူးဂုဏ် မေတ္တာဓာတ်က
မြင့်မြတ်ပါသည်။

* မြတ်ဘုရားနဲ့ ပမာညီ
နှိုင်းဆရည် အနန္တော
သုံးဆယ့်တစ်ဘုံ များသတ္တ
မှတ်ကြဉ်သဘော။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)




## လူငယ်များ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(Community Cen -tre) ခန်းမ၌ ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ နှုတ်မှုစွမ်းရည်နှင့် စဉ်းစားတွေးခေါ်မှု အားကောင်းလာစေရန်နှင့် ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသက်နှယ်က ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ မိမိတို့ ဖတ်ရှုလေ့လာထားသည့် စာပေဗဟုသုတများကို အများရှေ့တွင် ရဲဝံ့စွာ ပြန်လည်တင်ပြဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြိုင်ပွဲများကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ပြိုင်ပွဲဝင်များက မိမိတို့ မဲနှိုက်ရွေးချယ်ရရှိသည့် ကျွန်တော်သာသူဌေးကြီးတစ်ယောက်ဖြစ်ခဲ့လျှင်၊ ကျွန်တော်သာပရဟိတသမားတစ်ယောက်ဖြစ်ခဲ့လျှင်၊ ကျွန်တော်သာခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့လျှင် စသည့် ခေါင်းစဉ်များအလိုက် သတ်မှတ်မိနစ်အတွင်း အသံလေယူလေသိမ်း၊ အချက်အလက်ပိုင်နိုင်မှု၊ စကားပြောပြေပြစ်မှုတို့ဖြင့် အသီးသီး ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သဲသဲ(ပြန်ဆက်)**

*-*-*-*-*-*



## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်း ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၇/ရွှေစုမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇/၁/၂)၊ ဧရိယာ (၀ ဒသမ ၅၄)ဧကရှိ မြေနေရာအား ဒေါ်ခင်ဝင်းမြင့်(၉/ပသက(နိုင်)၀၁၆၃၈၉)အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈-၃-၂၀၂၅)ရက်စွဲပါ စာအမှတ်၊ ၉/၁-၁၇/ဦး၆(၀၉၇)အရ တောင်သူသုံး လူသုံးပစ္စည်းရောင်းဝယ်ခြင်းနှင့် သီးနှံသိုလှောင်ခြင်းလုပ်ငန်း မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ(၀ ဒသမ ၅၄)ဧကအား ဒေါ်ခင်ဝင်းမြင့်(၉/ပသက(နိုင်)၀၁၆၃၈၉)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၁၈-က/ရေလောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၈၃)၊ ဧရိယာ (၃ ဒသမ ၆၂)ဧကရှိ မြေနေရာအား ဒေါ်အေးအိ၊(၁၃/နခန(နိုင်)၀၃၃၄၈၁)အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၂-၅-၂၀၂၅)ရက်စွဲပါ စာအမှတ်၊ ၉/၁-၁၇/ဦး၆(၁၅၉)အရ ကောက်ပဲသီးနှံပွဲရုံလုပ်ငန်းနှင့် သီးနှံဂိုထောင် မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ(၃ ဒသမ ၆၂)ဧကအား ဒေါ်အေးအိ(၁၃/နခန(နိုင်)၀၃၃၄၈၁)အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၅၈/အုန်းချောတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(ခ/၂၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ မြေနေရာအား ဦးအေးကိုအမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ်တွော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၄၂/၁၉၉၇-၁၉၉၈)အရ (၁၁-၈-၁၉၉၅)ရက်မှ (၁၀-၈-၂၀၂၅)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးအေးကို(၉/ပသက(နိုင်)၀၂၆၃၂၁)အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၅၉^က^/အုန်းချောအရှေ့ကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂/၈)၊ ဧရိယာ(၀ ဒသမ ၀၃၃၂)ဧကရှိ မြေနေရာအား ဒေါ်သန္တာ အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ်တွော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ် (၈၅၆၇/၁၉၉၃-၁၉၉၄)အရ (၄-၄-၁၉၉၃)ရက်မှ (၃-၄-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဒေါ်သန္တာ၊(၉/ပသက(နိုင်)၀၂၃၆၂၉)အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျီကုန်းကွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၅)၊ ဧရိယာ(၀ ဒသမ ၀၄၁)ဧကရှိ မြေနေရာအား ဒေါ်မေသန်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ်တွော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ် (၈၇၉၁/၁၉၉၃-၁၉၉၄)အရ (၂၀-၄-၁၉၉၃)ရက်မှ (၁၉-၄-၂၀၂၃)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန် သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဒေါ်မေသန်း၊(၉/မရမ(နိုင်)၀၁၈၀၄၃)အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၇/ရွှေစုမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၄၂/၇၈)၊ ဧရိယာ(၂ ဒသမ ၀၀)ဧကရှိ မြေနေရာအား ဦးကျော်လင်းဦး၊ (၁၂/ပဘတ(နိုင်)၀၁၉၁၁၃)အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၃-၈-၂၀၂၀)ရက်စွဲပါစာအမှတ်၊ ၄/၃၁-၅/ဦး၁(အထ၃)(၅၁၈၀)အရ လူနေထိုင်ရန်/ စီးပွားရေးလုပ်ငန်းအတွက် မြေပေးမိန့်ချထားပေးခဲ့သည့် အဆိုပါ မြေနေရာအား ဦးကျော်လင်းဦး၊ (၁၂/ပဘတ(နိုင်)၀၁၉၁၁၃)အမည်ဖြင့် မြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၇/ရွှေစုမြောက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇/၁/၁)၊ ဧရိယာ (၁ ဒသမ ၄၈)ဧကရှိ မြေနေရာအား ဒေါ်ခင်ဝင်းမြင့်(၉/ပသက(နိုင်)၀၁၆၃၈၉)အမည်ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၈-၃-၂၀၂၅)ရက်စွဲပါစာအမှတ်၊ ၉/၁-၁၇/ဦး၆(၀၉၆)အရ တောင်သူသုံး လူသုံးပစ္စည်းရောင်းဝယ်ခြင်းနှင့် သီးနှံသိုလှောင်ခြင်းလုပ်ငန်း မြေနေရာအဖြစ် လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့်ရရှိခဲ့ပြီး အဆိုပါ မြေဧရိယာ (၁ ဒသမ ၄၈)ဧကအား ဒေါ်ခင်ဝင်းမြင့်(၉/ပသက(နိုင်)၀၁၆၃၈၉) အမည်ဖြင့် စက်မှု/စီးပွားမြေငှားဂရန်အသစ် ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၁၉)ဧကရှိ မြေနေရာအား ဦးအိုက်စော ပါ(၃)ဦး အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ်တွော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၁၈၄၄/၁၉၉၂-၁၉၉၃)အရ (၂၆-၁၀-၁၉၉၂)ရက်မှ (၂၅-၁၀-၂၀၂၂)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးအိုက်စော၊(၉/မနမ(နိုင်)၀၉၁၀၀၆)၊ ဒေါ်မြင့်မြင့်(၉/မနမ(နိုင်)၀၉၁၀၀၅)၊ ဦးဇော်ဇော်အောင်(၉/မနမ(နိုင်)၁၁၈၀၇၅)တို့ (၃)ဦးအမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၅)၊ ဧရိယာ(၀ ဒသမ ၁၉)ဧကရှိ မြေနေရာအား ဒေါ်မြင့်မြင့် ပါ(၂)ဦး အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ်တွော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၁၈၄၅/၁၉၉၂-၁၉၉၃)အရ (၂၆-၁၀-၁၉၉၂)ရက်မှ (၂၅-၁၀-၂၀၂၂)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဒေါ်မြင့်မြင့်(၉/မနမ(နိုင်)၀၉၁၀၀၅)၊ ဦးအိုက်စော(၉/မနမ(နိုင်)၀၉၁၀၀၆)တို့ (၂)ဦးအမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၅၈/အုန်းချောတောင်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(ခ/၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ မြေနေရာအား ဦးအေးကိုအမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ်တွော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၄၈/၁၉၉၇-၁၉၉၈)အရ (၁၄-၈-၁၉၉၅)ရက်မှ (၁၃-၈-၂၀၂၅)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးအေးကို(၉/ပသက(နိုင်)၀၂၆၃၂၁)အမည်ဖြင့် မြေငှားဂရန်သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း Grade-12 မှမောင်မင်းဇာနည်နှင့် Grade- 8 မှ မောင်ဇော်သက်ထွေးတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးသက်နိုင်ဦး** ဖြစ်ပါသည်။

**ဦးသက်နိုင်ဦး(၁/ဗမန(နိုင်)၀၅၁၃၄၀)**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးလင်းထိုက်ဝင်း၏ သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် အထက်တန်းကျောင်း Grade-12 မှ မလင်းသဥ္ဇာစိုး၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ (၂၃-၇-၂၀၀၈) ဖြစ်ပါကြောင်း။

**မလင်းသဥ္ဇာစိုး**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၉)၊ ဦးပိုင်အမှတ်(၁၂-ခ+၁၃-ခ+၁၄)၊ ဧရိယာ(၀ ဒသမ ၀၀၆၀+၀ ဒသမ ၀၃၉၆+ ၀ ဒသမ ၀၂၀၉)ဧက အကျယ်အဝန်းရှိ ဒေါ်မြမြ အမည်ပေါက် ဘိုးဘပိုင်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦး၊ ရေ+မီး(ဆက်လက်သုံးစွဲခွင့်)အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိ တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်မြမြ(ဘ)ဦးအံ့(၉/မရတ(နိုင်)၀၃၉၇၈၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရွှေမြင့် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၅၂၄၆)**
**ဒေါ်သီဂီလှိုင် (LL.B), (LL.M)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၉၅၂၄)**
**၆၉လမ်း၊ ၃၃(A)လမ်းနှင့် ၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၁၄၈၂၃၊ ၀၉–၂၀၀၂၃၄၈၊ ၀၉–၇၇၂၀၀၂၃၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(တ-၂)၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀ ဒသမ ၀၃၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်မိမိသန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်၊ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိ လက်ရှိဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ထူးထူးအောင်(ဘ)ဦးအောင်မြင့်စန်း(၅/မရန(နိုင်)၂၄၆၁၇၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များအားလုံးကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးရွှေမြင့် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၅၂၄၆)**
**ဒေါ်သီဂီလှိုင် (LL.B), (LL.M)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၉၅၂၄)**
**၆၉လမ်း၊ ၃၃(A)လမ်းနှင့် ၃၄လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉–၂၀၁၄၈၂၃၊ ၀၉–၂၀၀၂၃၄၈၊ ၀၉–၇၇၂၀၀၂၃၄၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်နံပါတ်(၃၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအောင်မင်းထွန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်ယမင်းအွန္တလီ(ဘ)ဦးညီညီထွန်း(၉/ခအစ(နိုင်)၀၂၅၁၆၉)နှင့် ဒေါ်နိုင်ဇာကျော်လွင်(ဘ)ဦးကျော်လွင်(၉/မဟမ(ပြု)၀၀၀၄၀၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာခန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၂)၊ ဦးပိုင်နံပါတ်(၁၀၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးသိန်းလွင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညီမျိုးအောင်(ဘ)ဦးဘတင့်(၉/မရမ(နိုင်)၀၂၂၃၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်နံပါတ်(၆၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးမြသောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးညွန့်ရိန်(ဘ)ဦးဘသီ(၉/မရတ(နိုင်)၀၄၁၆၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၉)၊ ဦးပိုင်နံပါတ်(၅၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ တကကစရမြတ်အောင် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်း ဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစွမ်းပြည့်(ဘ)ဦးကံမြင့်(၁၂/သလန(နိုင်)၀၉၂၁၀၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆

## အမည်မှန်

(ဘ)ဦးကျော်လင်းဟန်၏ သမီးများဖြစ်ကြသော မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သပြေညို ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9တွင် တက်ရောက်နေသည့် မမေသာကီသွေးဝေနှင့် Grade-7 တွင် တက်ရောက်နေသည့် မပန်းစံပယ်လှိုင်ဝေတို့၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မသွန်းရတီအောင်နှင့် မဖြူစင်လင်းသန့်တို့ ဖြစ်ပါကြောင်း။

**မသွန်းရတီအောင်**
**မဖြူစင်လင်းသန့်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှပ်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၀၆)၊ ဦးပိုင်အမှတ်(၁၀၁-ဃ/၁+၁၀၁-င/၁)၊ ဧဖြေတချောင်းလမ်းနှင့် ကန်တော်ကြီးအဝင်လမ်းတောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမင်းသုတ(ခ)သီရနိုင် ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၀၂၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးထိန်ဝင်း(၉/မသန(နိုင်)၀၀၀၉၃၆)၊ ဒေါ်မြင့်ယဉ်သိန်းသိန်း(၉/ပဘန(နိုင်)၀၀၀၅၉၈)တို့က ဦးပိုင်ခွဲမိန့်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်ရပ်ကွက်၊ အင်တုံစုရပ်အတွင်းရှိ ရန်-မန်းလမ်းမကြီးမေးတင် မျက်နှာပွင့်(၁၈)ပေ၊ နောက်အရှည်(၄၈)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်တိုက်(၁)လုံး၊ အဝီစိတွင်း၊ မီးမီတာ(၁)လုံး အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ မြေပေါ်မြေအောက် နေထိုင်ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးထွန်းအောင်ကျော်မှာ ကွယ်လွန်ပြီးဖြစ်ပါသဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မာမာခိုင်(ဘ)ဦးကြည်ထန်(၉/ပကခ(နိုင်)၀၀၄၀၁၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးဇေထက်ကျော် (LL.B)** တရားလွှတ်တော်ရှေ့နေ

**ဦးကျော်ဇေယျ (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်ပိုးအိနိုင် (LL.B)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ထက်ထက်လှိုင် (LL.B)** **ဦးဝေယံကို (LL.B)** **ဒေါ်သီရိရွှေစင် (LL.B)**

(အလုပ်သင်ရှေ့နေများ)

အကွက်(အ–၁၇/၄၈)၊ ၆၈(အေ)လမ်းနှင့် ၁၂၀လမ်းထောင့်၊ (ဂ)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၃၅၁၁၂

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ခခ-၉)၊ ဦးပိုင်အမှတ်(၇၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမြသန်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဒေါ်အေးလှ(ဘ)ဦးအိုက်ပန်း(၁၃/တယန(နိုင်)၀၂၉၃၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်တင်နီလာဝင်း**
တရားလွှတ်တော်ရှေ့နေ

**ဦးကျော်လှိုင်ဝင်း** **ဒေါ်စီစီစိန်** **ဒေါ်လဲ့လဲ့နွယ်** **ဒေါ်မီမီကျော်**

(တရားလွှတ်တော်ရှေ့နေများ)

အကွက်(ယ–၆/ ၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊
ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၁၉၇၀၁၊ ၀၉–၉၄၄၉၇၂၃၃၃

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာစီမံကိန်း၊ (၄)ခန်းတွဲ(၆)ထပ်၊ အကွက်အမှတ်(မမ-၂၈)၊ တိုက်အမှတ်(၁၈)၊ အခန်းအမှတ်(၇) ပထမထပ်တိုက်ခန်းသည် ဦးတင်မျိုးထွန်း(ဘ)ဦးစံလှမောင်(၉/မရတ(နိုင်)၀၈၃၈၇၈) ကိုင်ဆောင်သူ အမည်ပေါက် တိုက်ခန်းဖြစ်ပါသည်။ တိုက်ခန်းအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဆွေ(ဘ)ဦးမြင့်ရွှေ(၁၃/နခတ(နိုင်)၀၀၅၈၄၆)က အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ အဆိုပါတိုက်ခန်းအား အမည်ပြောင်းလျှောက်ထားခြင်းများ ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်မာလာဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ**
ဖဖ–၃၊ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၂၃၄၅၉၉၁

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ (၄)ခန်းတွဲ(၆)ထပ်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်(၆)၊ အခန်း(၈) ပထမထပ်တိုက်ခန်းသည် ဒေါ်စုစုနွယ်(ဘ)ဦးမောင်မောင်(၉/မရမ(နိုင်)၀၁၆၀၀၂) အမည်ပေါက် တိုက်ခန်းဖြစ်ပြီး အဆိုပါ တိုက်ခန်းဝယ်ယူခွင့် စလစ်ကတ်ပြားမူရင်းမှာ ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်တွင် အထားအသိမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် အဆိုပါတိုက်ခန်း စလစ်ကတ်ပြား(မိတ္တူ)ဖြင့် တိုက်ခန်းစာချုပ်(စာအုပ်)ထုတ်ယူခြင်း ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ**
ဖဖ–၃၊ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၂၃၄၅၉၉၁

## ကန့်ကွက်နိုင်ပါသည်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ (၄)ခန်းတွဲ(၆)ထပ်၊ မမ-၂၅၊ တိုက်-၂၅၊ အခန်း-၉ ဒုတိယထပ် တိုက်ခန်းသည် ဦးမြင့်အောင်(၉/မနမ(နိုင်)၀၄၂၀၃၆) အမည်ပေါက် တိုက်ခန်းဖြစ်ပြီး အဆိုပါ တိုက်ခန်းဝယ်ယူခွင့် စလစ်ကတ်ပြားမူရင်းမှာ ကျွန်ုပ်၏မိတ်ဆွေလက်ဝယ်တွင် အထားအသိမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် အဆိုပါတိုက်ခန်း၏ စလစ်ကတ်ပြား(မိတ္တူ)ဖြင့် တိုက်ခန်းစာချုပ်(စာအုပ်)အားထုတ်ယူခြင်း ပြုလုပ်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ**
ဖဖ–၃၊ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၇၇၂၃၄၅၉၉၁

❖ နိုင်ငံတော် ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅)မှ ပြည်သူ့စစ်မှုထမ်းများနှင့် ပြည်သူ့စစ်မှုထမ်းကာလ လျှော့ပေါ့ခွင့်ရရှိကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၃)မှ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈

"နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၅)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

အလားတူ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်နေသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်လျက်ရှိသူအား ဥပဒေအရ

စာမျက်နှာ ၇ သို့ ✳



တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ထိုက်တန်စွာချီးမြှင့်ပေးအပ်စဉ်။

## ၂၃၀ ကေဗွီ သာစည်ပင်မဓာတ်အားခွဲရုံတွင် ကြိုးအစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၁၈**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၃၀ ကေဗွီသာစည်ပင်မ ဓာတ်အားခွဲရုံရှိ ၁၃၂ ကေဗွီသာစည်-မြင်းခြံဓာတ်အားလိုင်းတွင် ကြိုးလွန်းပွမှုဖြစ်ပေါ်နေသော ကြိုးများအား အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့ ဓာတ်အားပိတ်ဆောင်ရွက်စဉ် တောင်သာမြို့၊ မြင်းခြံမြို့၊ နွားထိုးကြီးမြို့တို့ရှိ အချို့ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ အချိန်လေးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ၂၃၀ ကေဗွီလှော်ကားပင်မဓာတ်အားခွဲရုံရှိ ချို့ယွင်းမှု ဖြစ်ပေါ်နေသော ဗို့အားတိုင်းတာရေးပစ္စည်းအား အစားထိုးလဲလှယ်ခြင်းနှင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ကြားခံပစ္စည်းများကို အစားထိုးလဲလှယ်ခြင်းစသည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ခွဲရုံအတွင်းရှိ ၃၃ ကေဗွီပင်မဖြန့်ဖြူးရေးလိုင်း(၁)ကို စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဒုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှည်းကူးမြို့နယ်တို့ရှိ အချို့ရပ်ကွက်နှင့် ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များတွင် ယာယီဓာတ်အားပြတ်တောက် နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်မန်နေဂျာရုံးများမှ တစ်ဆင့်ကြို တင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

## 2026 FIFA U-15 ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (W) ၌ ကျရောက်

**ရန်ကုန် စက်တင်ဘာ ၁၈**

အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူးမြို့တွင် ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)၏ အသက် ၁၅ နှစ်အောက် ကမ္ဘာ့ဖလားနှင့် ဘောလုံးပွဲတော် (FIFA U-15 World Cup & Festival 2026) ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲနှင့် ပွဲစဉ်ဇယားများကို တရားဝင်ထုတ်ပြန်လိုက်ရာ မြန်မာ U-15 အမျိုးသားဘောလုံးအသင်းသည် အုပ်စု(W)၌ ကျရောက်လျက်ရှိသည်။

မြန်မာ U-15 အမျိုးသားဘောလုံးအသင်းအုပ်စု (W)တွင် ဂူအမ်၊ ဂါနာ၊ ဘာဟားမားစ်၊ ကာဇက်စတန်၊ ဥဇဘက်ကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

ယခုကျင်းပမည့် FIFA U-15 World Cup & Festival 2026 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်မှ ၃၁ ရက်အထိ အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းမှ ယူ-၁၅ လက်ရွေးစင်အသင်းပေါင်း ၁၉၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။




ပြိုင်ပွဲပုံစံအရ အုပ်စု A မှ AF အထိ စုစုပေါင်း အုပ်စု ၃၂ ခု ခွဲခြားထားပြီး တစ်အုပ်စုလျှင် ခြောက်သင်းစီ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မြန်မာ U-15 အမျိုးသားအုပ်စု (W) ပထမ ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၂၄ ရက် မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ဂူအမ်အသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**



## ISPE FC အသင်းက စစ်ကိုင်းယူနိုက်တက်အက်ဖ်စီ အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့်အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၈**

M League 2026 (U20) အမှတ်ပေးဘောလုံးပြိုင်ပွဲ (Week-15)အဖြစ် ဗဟန်းကွင်း၌ ISPE FC အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အက်ဖ်စီတို့ ယှဉ်ပြိုင်ကစားကြရာ ISPE FC အသင်းက စစ်ကိုင်းယူနိုက်တက်အက်ဖ်စီ အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ISPE FC အသင်းအတွက် စစ်ငြိမ်းချမ်းဦး ကသုံးဂိုး(ဟက်ထရစ်)၊ ချစ်ဝိုင်းခန့်က နှစ်ဂိုးနှင့် စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဒုတိယပိုင်းမှ လူစားဝင်ကစားသည့် ကွင်းလယ်လူဇင်ယော်နီက နှစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ISPE FC အသင်းနှင့် စစ်ကိုင်း ယူနိုက်တက်အက်ဖ်စီ အသင်းတို့ပွဲစဉ်တွင် AYA Pay Player of the Match ဆုကို ISPE FC အသင်းမှ တိုက်စစ်မှူး စစ်ငြိမ်းချမ်းဦးက ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် AYA Pay Player of the Match ဆုကို ယခုနှစ်ရာသီတွင် (၅)ကြိမ်မြောက်ရရှိခြင်းဖြစ်သည်။

**(NGB)**